မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟယ်လင်းနစ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၄

၂၀၀၈ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကရိုလို့စ်၊ ပါပူးလိယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီး အတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မျိုးချစ်တပ်မတော်

မျိုးချစ်တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်။ ပြည်ထောင်စုစိတ်ဓာတ်သည် သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမယ့် မျိုးချစ်စိတ်ဓာတ်ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၆၃) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်ရှိ စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၅ ရက်)

ဆည်တမံနှင့် ရေအားလျှပ်စစ်စက်ရုံများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု

ပဲခူးတိုင်းသည် ပဲခူးရိုးမတောင်တန်းနှင့် ရိုးမ၏တစ်ဖက်တစ်ချက်တွင် စစ်တောင်းမြစ်နှင့် မြစ်မခမြစ်တို့ စီးဆင်းလျက်ရှိရာ မြစ်ဝှမ်းတစ်လျှောက်၌ စိုက်ပျိုးမြေများ ဖြစ်ပေါ်နေပေသည်။ အဆိုပါ မြစ်ဝှမ်းများနှင့် ဆက်စပ်ဒေသများတွင် ရေကြီးရေလျှံမှုများရှိသည့်အတွက် နိုင်ငံတော်က ဆည်တမံ အစုအဖွဲ့များကို ပုံဖော်တည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ ခပေါင်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ခုမြောက် ဖြစ်သကဲ့သို့ ပဲခူးတိုင်း၏ ၄၅ခု ဆည်တမံဖြစ်ပြီး စိုက်ပျိုးဧက ၁၁သိန်းခန့် အကျိုးပြုနေပြီဖြစ်သည်။ ရေမြေသဘာဝ အရင်းအမြစ်များကို အခြေခံပြီး ဆည်တမံနှင့်အတူ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက် ရှိသည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ဇောင်းတူ၊ ရဲနွယ်၊ ပသိနှင့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည်။ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းကို မတ်လ ၂၃ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းစီမံကိန်းမှာ မဂ္ဂါဝပ်၃၀ ထုတ်ယူရရှိပြီး လယ်မြေဧက တစ်သိန်းကို အကျိုးပြုသွားမည်ဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းရှိ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက် တည်ဆောက်လျက်ရှိသည်။

ခပေါင်းလျှပ်စစ် ဓာတ်အားပေးစက်ရုံအပါအဝင် တစ်ပြိုင်တည်း တည်ဆောက်နေသည့် စီမံကိန်း ၁၄ခုပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၄၀၀ ထပ်မံတိုးတက်ရရှိလာမည်ဟုသိရသည်။ ယခုအခါ မြစ်ဝှမ်းနှစ်ခုကြားရှိ စိုက်ပျိုးမြေများ ဖော်ထုတ်လျက်ရှိရာ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု သိသာစွာဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်က ဆည်ရေသောက်စနစ်နှင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများက ရေသယံဇာတများကို ထိရောက်စွာအသုံးပြုပြီး စပါးအပါအဝင် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေထိပ်တန်းသက်န်းတိုက်နှင့် ရွှေတော်ဝင် သင်္ကန်းမိသားစု အလှူတော်မင်္ဂလာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်

ရန်ကုန် မတ် ၂၄

မန္တလေး ချမ်းအေးသာစံမြို့နယ် အိမ်တော်ရာဆင်တဲတားရပ်နေ အလှူဒါယကာ ဦးထွန်းနိုင်စိုး၊ အလှူဒါယိကာမ ဒေါ်သီတာကြည် ရွှေထိပ်တန်းသင်္ကန်းတိုက်နှင့် ရွှေတော်ဝင်သင်္ကန်းမိသားစုတို့၏ ရှင်ပြုနားသ အလှူတော်မင်္ဂလာနှင့် မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များနှင့် စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက်များမှ သံဃာအပါး ၁၀၀အပါအဝင် ဓမ္မာစရိယ စာမေးပွဲအောင် သံဃာတော်အပါး ၁၁၀၀တို့အား ဆွမ်း၊သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခြင်း အခမ်းအနားကို မတ်၁၈ရက် နံနက်၈နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် မဟာလောကရံသီ အိမ်တော်ရာဘုရား ရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြည်ညိုသည်။

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးနှင့်ဇနီးတို့သည် မဟာလောကရံသီ အိမ်တော်ရာ ဘုရားဝင်း အတွင်းရှိ စေတီတော်၏ မြောက်ဘက် ရင်ပြင်တော် မင်္ဂလာမဏ္ဍပ်၌ နေရာယူကြပြီး မန္တလေးမြို့ လေးပြင် လေးရပ်နှင့် စစ်ကိုင်းတောင်ရိုးမှဓမ္မာစရိယစာမေးပွဲ အောင်မြင်တော်မူကြသော သံဃာတော် အရှင်သူမြတ် အပါး ၁၁၀၀တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော တန်ဖိုးငွေကျပ် ၄၀၄၅၀၀၀၀ တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများအား တစ်ပါးချင်းဆီသို့ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။(**အောက်ပုံ**)

မတ် ၁၇ရက်တွင် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပြင်ဦးလွင်မြို့နှင့် ပုဂံညောင်ဦးမြို့များမှ ကျောင်းထိုင်ဆရာတော်အပါး ၁၀၀တို့အား တန်ဖိုးငွေကျပ် ၁၅၇ သိန်းရှိ ဆွမ်း၊ သင်္ကန်း အစရှိသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချ တရားပွဲကို ကျင်းပခဲ့ပြီး မတ် ၁၈ရက်တွင် ဓမ္မာစရိယ စာမေးပွဲအောင် သံဃာတော် အပါး ၁၁၀၀တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ည ၇ နာရီတွင် အဆိုပါ နေရာ၌ စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့်ဟောကြားခဲ့သည်။

စုပေါင်းလှူဒါန်း

အလှူရှင် ဦးထွန်းနိုင်စိုး - ဒေါ်သီတာကြည်မိသားစု၏ လှူဒါန်းမှု အစုစုမှာ မဟာလောကရံသီ အိမ်တော်ရာ စေတီတော် ဘက်စုံပြုပြင်ရန် ငွေကျပ် ငါးသိန်း၊ ကလောမြို့ မဟာစည် ဆွမ်းစားဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် ငါးသိန်း၊ ပြင်ဦးလွင်မြို့ ရတနာမာန်အောင် စာသင်တိုက် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀ သိန်း၊ ပုဂံမြို့ လောကနန္ဒာစာသင်တိုက်အတွက် အလှူငွေကျပ် ၁၀သိန်း၊ ပင့်သံဃာအပါး ၁၀၀အတွက် အလှူငွေကျပ် ၁၅၇ သိန်း၊ စာအောင်သံဃာအပါး ၁၁၀၀အတွက် အလှူငွေကျပ် ၄၀၄၅၀၀၀၀နှင့် ဓမ္မပူဇာအတွက် အလှူငွေကျပ် ၁၅သိန်း စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၆၀၆၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ (က-ပ)

အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ တရားပွဲများ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည်ဧပြီ၁ရက်ညတွင်ကမာရွတ်မြို့နယ်(၅)ရပ်ကွက် ဆင်မလိုက် အုန်းတော ဆရာစံလမ်းမ တရားမဏ္ဍပ်၊ ၄ရက်ည(ပထမပွဲ)တွင် ရန်ကင်းမြို့နယ် မိုဃ်းကောင်းအရိယာဓမ္မာရုံ၊(ဒုတိယပွဲ) လှိုင်သာယာမြို့ ၅ထိပ်၊ ၇ရက်ညတွင် ကျောက်တန်းမြို့ ကျိုက်ပြဿဒ်တနော်ဘုရား၊ ၈ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(ဃ)ရပ်ကွက် သိပ္ပံလမ်း ဦးသန်းဦး၊ ဦးသန်းထွေးတို့၏ အလှူမဏ္ဍပ်၊ ၉ရက်နှင့်၁၀ရက်ညများတွင် သုံးခွမြို့နယ် တကောကျေးရွာ၊ ၁၁ရက်ညတွင် လှိုင်သာယာမြို့နယ် ၁၄ရပ်ကွက်၊ ၁၂ရက်ညတွင် သန်လျင်မြို့နယ် ကံမြင့်ကျေးရွာ၊ ၁၃ရက်နှင့် ၁၄ရက် ညများတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သန့်စင်လမ်းထိပ်၊ ၁၅ရက်ညတွင် မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်ဝေဘာဂီလမ်းမကြီး သာသနာ့ရက္ခိတ ဓမ္မာရုံ၊ ၁၆ရက်ညတွင် ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ သဘာဝ ကမ္မဋ္ဌာန်းကျောင်း၊ ၁၇ရက် ညတွင် ဒလမြို့နယ် သမ္မတကမ်းခြေ၊ ၁၉ရက်ညတွင် လှည်းကူးမြို့ စက်သုံးလုံး ဝိပဿနာရိပ်သာ၊ ၂၁ရက်နှင့် ၂၂ရက်ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတော ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ၂၆ရက်နှင့် ၂၇ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာ အုပ်စု လေးထောင့်ကန်ကျေးရွာတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး အောင်စကြာ ဆရာတော်ဖုန်း-၀၁-၂၂၄၆၈၁နှင့် ၀၉-၅၁-၁၈၅၃၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၀၈(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
၆:၃၀ ၁၄။ **(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
အဖေတူသား(ဇာတ်သိမ်း)
အကယ်ဒမီ မင်းမော်ကွန်း၊
ထွန်းထွန်း၊
အကယ်ဒမီ အောင်ခိုင်၊
အကယ်ဒမီ ပန်းဖြူ
ဒါရိုက်တာ-
အကယ်ဒမီ ပန်းချီစိုးမိုး
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ မွေးမြူသုတ
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၃)

ပုပ္ပါး(၂) မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

မြောက်ဥက္ကလာပမြို့နယ် ညရပ်ကွက် ပုပ္ပါး(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၆၂)ကြိမ်မြောက် သင်္ကြန်တွင်း တရားစခန်းပွဲကို ၁၃၆၉ခု တန်ခူးလဆန်း ၅ရက်၊ ဧပြီ ၁၀ရက် (ကြာသပတေးနေ့) ညနေ အရောက် ယောဂီများ လာရောက်ကြရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပါး(၂) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပါး (၃) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ-မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဟောကြားမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းခုနစ်ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား စစ်ကြောင်းတပ်ခွဲများအလိုက် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟယ်လင်းနစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၈ခုနှစ် မတ်၂၅ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဒိုရာ၊ ဘာကိုဂျီအမ်နီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မင်္ဂလာသိဒ္ဓိကျောင်း သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ ဗဟန်းရေတာရှည်လမ်းဟောင်း ဗဟန်းဈေး ကြေးသွန်းဘုရားအနီး ရွှေစင်မေစတိုးနှင့် မျက်နှာချင်းဆိုင် မင်္ဂလာသိဒ္ဓိကျောင်း ဓမ္မသုခတိုက်အတွင်း၌ ဒုတိယအကြိမ် သင်္ကြန်အထူးတရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၉ရက် (တန်ခူးလဆန်း ၆ရက်မှ ၁၄ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီး၌ မင်္ဂလာသိဒ္ဓိကျောင်း ပဓာနနာယက သာသနာပြုနယ်လှည့် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်အားထုတ်ကြမည့် ယောဂီများ ဖုန်း-၅၅၉၁၁၆ သို့ ဖြစ်စေ၊ ကျောင်းတိုက်သို့ လူကိုယ်တိုင်ဖြစ်စေ ဧပြီ ၁၀ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

● ***ရှေ့ဖုံးမှ***

နေပြည်တော်စစ်ရေးပြကွင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက်၆နာရီခွဲတွင် (၆၃)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်လှမင်း ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဦး၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင်ဆန်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်သန်းဌေး ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးနေဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ချို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းခုနစ်ကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များအား စစ်ကြောင်းတပ်ခွဲများအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားကာ နံနက် ၈နာရီခွဲတွင် စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သခွားသီးစားခြင်းဖြင့် သွေးတိုးကျနိုင်

သခွားသီး၏ အရသာမှာ အနည်းငယ်ဖန်သည်။ အချိုဓာတ် အနည်းငယ်ရှိသည်။ နှစ်စဉ် မေလမှ ဇူလိုင်လအတွင်း လှိုင်လှိုင်ပေါများသည်။ ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြား၌ သခွားသီးမျိုးစိတ် ကွဲပြားသော်လည်း စိုက်ပျိုးဖြစ်ထွန်းကြသည်။

ဗီတာမင်စီ

သခွားသီးတွင် အဓိကအားဖြင့် ဗီတာမင်စီ၊ ဗီတာမင်အေ၊ ပိုတက်ဆီယမ်၊ မင်းဂနိစ်၊ အမျှင်ဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ကယ်လိုရီဓာတ်များပါဝင်သည်။ အပေါ်များဆုံးပါဝင်သည့်ဓာတ်မှာ ဗီတာမင်စီ ဖြစ်သည်။

သခွားသီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပါက အရေပြားနှင့်ပတ်သက်သောရောဂါများကို ကာကွယ်ပေးနိုင်ပြီး ခန္ဓာကိုယ်တွင်း ရေဓာတ်ခန်းခြောက်မှုကိုလည်း ဟန့်တားပေးနိုင်သည်။

ပွံ့ပိုးပေး

ထို့အပြင် ခန္ဓာကိုယ်ရှိ တစ်သျှူးများကို သန်မာစေသည့်အပြင် အသည်းအားကောင်းစေရန်လည်း ကောင်းစွာ ပွံ့ပိုးပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ကျဆင်း

တစ်ဖန် သခွားသီးကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့် ချင့်ချိန်စားသုံးပါက သွေးပေါင်ကျဆင်းပြီး သွေးတိုးရောဂါ သက်သာလျော့ပါးစေကြောင်း ၎င်းတို့က အကြံပြုထားသည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိတ်မြို့တွင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

ရန်ကုန် မတ် ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၂ရက် မွန်းလွဲ၁နာရီတွင် မြိတ်မြို့ရှိ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

ကြိုးပမ်း

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း **(အပေါ်ပုံ)** က အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူကို ပေါင်းကူးပေးရသောတာဝန်ကို အဓိကထမ်းဆောင်နေရသူများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတော်၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ကြရာတွင် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ဝန်ထမ်းကောင်းများအဖြစ် ထာဝစဉ်ရပ်တည်ဆောင်ရွက်နိုင်အောင် အမြဲသတိပြု ကြိုးပမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက လုပ်ငန်းဆိုင်ရာများကို မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

25-3 (03) 1 3/25/08, 12:46 AM

ရှေးဟောင်းဂီတာကိုတီထွင်ခဲ့သူ လိုပက်ဇ် အမေရိကန် မီယာမီမြို့တွင် ကွယ်လွန်

မီယာမီ မတ် ၂၄

မမ်ဘိုဟုခေါ်သော ရှေးဟောင်း ဂီတာကိုတီထွင်ခဲ့သူ ကျူးဘားနွယ်ဖွား ဂီတပညာရှင်ကြီး ကာချောလိုပက်ဇ်(အောက်ပုံ)သည် အသက် ၈၉နှစ် အရွယ်တွင် အမေရိကန်နိုင်ငံ မီယာမီမြို့၌ မတ်၂၃ ရက်က ကွယ်လွန်သွားပြီ ဖြစ်သည်။

တေးရေးဆရာလည်းဖြစ်၊ ဂီတာ တီထွင်တီးခတ်သူလည်းဖြစ်သည့် ကာ ချောလိုပက်ဇ်သည် ၁၉၆၀ ပြည့်လွန် နှစ်များက ကျူးဘားမှ အမေရိကန်သို့

ထွက်ခွာသွားခဲ့သည်။ ၎င်းသည် ဂီတဖြင့် အသက်မွေးဝမ်းကျောင်းပြုရင်း နှစ်ကာလကြာရှည်စွာ နေထိုင်ခဲ့သည်။

ဂီတသမား

အဆိုပါဂီတာကို အစ်ကိုဖြစ်သူနှင့်အတူ ကိုယ်တိုင်တီထွင်ဖန်တီးပြီး တီးခတ်ခဲ့သည်ဟုဆိုသည်။ ၎င်းသည် ၁၉၃၀ ပြည့်လွန်နှစ်များက ယင်းဂီတာဖြင့် သံစုံတူရိယာ တီးဝိုင်းတွင် တီးခတ်ဖျော်ဖြေရာမှ ကျူးဘားနိုင်ငံ၌ နာမည်ကျော်ကြားလာသော ဂီတသမားတစ်ဦး ဖြစ်လာသည်။

ရိုက်ကူးတင်ဆက်

ကျူးဘား-အမေရိကန် ကပြား ရုပ်ရှင်သရုပ်ဆောင်မင်းသား အင်န်ဒီဂါစီယာက ၁၉၉၃ ခုနှစ်တွင် အဆိုပါ ကျူးဘား ဂီတပညာရှင်ကြီး၏ ဘဝမှတ်တမ်းရုပ်ရှင်ကားကို ကျူးဘားတို့၏ ဂီတဖခင်ဟူသော ဇာတ်ကားအမည်ဖြင့် ရိုက်ကူးတင်ဆက်ခဲ့သည်။

(အင်တာနက်)

ဖမ်းဆီးထားသော ဟားမတ်စ်အဖွဲ့ဝင်များအား အီဂျစ်ရဲတပ်ဖွဲ့က ပြန်လည်လွှတ်ပေးခဲ့

ဂါဇာ မတ် ၂၄

ဂါဇာကမ်းမြောင်ဒေသ နယ်စပ်ဖြတ်ကျော်လာသော ဟားမတ်စ်စစ်သွေးကြွအဖွဲ့ဝင်များ(အောက်ပုံ)မှ ၃၃ဦးတို့အား အီဂျစ်ရဲတပ်ဖွဲ့က ပြန်လွှတ်ပေးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော နှစ်လက နယ်စပ်ကို ဖြတ်ကျော် ဝင်ရောက်လာသော ဟားမတ်စ် အဖွဲ့ဝင်များကို အီဂျစ်တို့က ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်သည်။

အီဂျစ် တာဝန်ရှိသူများသည် ဟားမတ်စ်နှင့် ဂျီးဟတ်ကိုယ်စားလှယ်များ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ယင်းတို့သည် ပါလက်စတိုင်းနှင့် အစ္စရေး အပစ်အခတ်ရပ်စဲရေး ကိစ္စကိုလည်း ဆွေးနွေးနေသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်ဗုံးပေါက်ကွဲမှု တစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ မတ် ၂၂ရက်က လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့်အီရတ်အရပ်သား တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင်ခရီးသည်များ တင်ဆောင်လာသည့် မီနီဘတ်စ်ကားတစ်စီးအနီးလမ်းဘေးဗုံးပေါက်ကွဲသဖြင့် ခရီးသည် တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား စားအုန်းဆီ ထုတ်လုပ်မှုပမာဏ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်

ဂျကာတာ မတ် ၂၄

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ စားအုန်းဆီတန်ချိန် ၁၃ဒသမ၉၅သန်းကို ပြည်ပသို့တင်ပို့ရန် မျှော်မှန်းထားကြောင်း၊ ယခင်နှစ်က စားအုန်းဆီတန်ချိန် ၁၂ဒသမ၅၄သန်းတင်ပို့ခဲ့ရာ ပြည်ပတင်ပို့မှု ပိုမိုမြင့်တက်ခဲ့ကြောင်း စားအုန်းဆီကုမ္ပဏီများက မတ် ၂၃ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထုတ်လုပ်မှု မြင့်မားလာသဖြင့် ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် စားအုန်းဆီအများဆုံး ထုတ်လုပ်သည့် နိုင်ငံဖြစ်လာသည်။

ယခုနှစ်အတွင်း စားအုန်းဆီတန်ချိန် ၁၈ဒသမ၄သန်း ထုတ်လုပ်ရန် ရည်မှန်းထားပြီး ပြည်တွင်း၌ တန်ချိန်လေးသန်းကျော် ဖြန့်ဖြူးရောင်းချမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ဆီအုန်းစိုက်ပျိုးနိုင်သည့် မြေဟက်တာ ခြောက်သန်းခန့်ရှိပြီး မလေးရှားနိုင်ငံတွင် ဟက်တာလေးသန်းရှိရာ စားအုံးဆီ ဒုတိယအများဆုံးထွက်သည့် နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ခရီးသည်တင်ရထား ပြေးဆွဲမည်

ဒါကာ မတ် ၂၄

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ရထားပြေးဆွဲမှုကို ဧပြီ၁၄ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက မတ် ၂၃ရက်၌ သဘောတူညီလိုက်ကြသည်။အဆိုပါရထားပြေးဆွဲမှုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့သို့ ခရီးသည်တင်ရထားပြေးဆွဲခြင်းဖြစ်ပြီး နှစ်နိုင်ငံ ကိုယ်စားလှယ်များဆွေးနွေးမှုမှ အကောင်အထည်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ခရီးသည်တင်ရထားပြေးဆွဲနိုင်အောင် ကြိုးစားအကောင်အထည်ဖော်သလို ကုန်တင် ရထားပြေးဆွဲနိုင်အောင်လည်း နှစ်နိုင်ငံ ကိုယ်စားလှယ်များ ကြိုးစားကြရေး အိန္ဒိယအစိုးရက တိုက်တွန်းပြောကြားသည်။

အဆိုပါ ခရီးသည်တင်ရထားကို အိန္ဒိယနိုင်ငံအနောက် ဘင်ဂေါပြည်နယ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ကရာချီတို့ကို ပြေးဆွဲမည့် ရထားခရီးစဉ် ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဝအမောပြေ

အရောင်းမန်နေဂျာဆိုတာ ....

အလုပ်အပေါ်၌သာ စိတ်ဝင်စားသော အရောင်းမန်နေဂျာ၏ လက်အောက်မှ အရောင်းသမားတစ်ဦး နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးသွားသဖြင့် တည်းခိုရာဟိုတယ်မှနေ၍ အရောင်းမန်နေဂျာထံ ဖုန်းဖြင့် အကြောင်းကြားလေသည်။

ဟိုတယ်ဝန်ထမ်း ။ ။ လူကြီးမင်းရဲ့ဝန်ထမ်းအလောင်းကို လာယူဖို့ အကြောင်းကြားတာပါခင်ဗျာ။

အရောင်းမန်နေဂျာ ။ ။ ကျွန်တော်ကအလုပ်အရမ်းများတယ် အဲဒီကို မလာနိုင်ပါဘူး။

ဟိုတယ်ဝန်ထမ်း ။ ။ ဟုတ်ကဲ့...ဖြစ်တဲ့နည်းနဲ့မြန်မြန်လေး လာယူပေးပါ။

အရောင်းမန်နေဂျာ ။ ။ ဒီလိုလုပ်ပါလား...ခင်ဗျားပြောတဲ့ အဲဒီပစ္စည်းရဲ့ နမူနာ အရင်ပို့ပေးလိုက်ပါ။

ဟိုတယ်ဝန်ထမ်း ။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဝေးကြမှာကို စိုးရွံ့မိတယ်

ချီကာဂိုမြို့သည် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အရှေ့မြောက်ပိုင်း မစ်ချီဂန်ရေအိုင်ကြီး၏ ကမ်းနဖူးတွင်တည်ရှိသော ဆိပ်ကမ်းမြို့ဖြစ်သည်။ ချီကာဂိုမြို့၌ လူဦးရေ သုံးသန်းကျော်နေထိုင်ပြီး စည်ကားလှသည်။

အပြန်အလှန်နားလည်

ချီကာဂိုမြို့တွင် တင်မိုသီဂျုနီစီ **(အပေါ်ပုံ)**ဆိုသော သွင်းကုန်ထုတ်ကုန် လုပ်ငန်းရှင်တစ်ဦး နေထိုင်သည်။ တင်မိုသီသည် လွန်ခဲ့သော၁၅နှစ် ဖြစ်သည့် သူ့အသက် ၃၅ အရွယ်တွင်သူ့ထက် ၁၅နှစ်ငယ်သောမိန်းမချောလေးထရက် ဖလီကွိုင်နီ**(အပေါ်ယာပုံ)** နှင့် ဖူးစာဆုံခဲ့လေသည်။ တင်မိုသီနှင့် ထရက်ဖလီတို့နှစ်ဦးသည် အသက်အရွယ်ကွာဟသော်လည်း သူချစ်ကိုယ်ချစ် ဇနီးမောင်နှံနှစ်ဦးဖြစ်သည့်အတွက်တစ်ဦးအပေါ် တစ်ဦး အပြန်အလှန် နားလည် ချစ်ခင်မှု ရှိခဲ့ကြသည်။

တင်မိုသီနှင့် ထရက်ဖလီတို့သည် လက်ထပ်ပြီး ၆နှစ်အကြာ ၁၉၉၉ ခုနှစ်တွင် သားသမီးယူကာ ၂၀၀၀ ပြည့်နှစ်တွင် သမီးကြီး၊ ၂၀၀၃ ခုနှစ်တွင် သမီးလတ်နှင့် ၂၀၀၆ခုနှစ် သမီးအငယ်ဆုံးလေးကို အသီးသီး မွေးဖွားခဲ့ကြသည်။ တစ်သားမွေး တစ်သွေးလှသော ဇနီးထရက်ဖလီအား တင်မိုသီအနေဖြင့် ချစ်မဝနိုင်အောင် ဖြစ်ခဲ့ရသည်။သူတို့ဇနီးမောင်နှံတွင် ပြဿနာတစ်စုံတစ်ရာ ကြီးကြီးမားမား မရှိသော်လည်း တစ်နေ့တွင် ၎င်းအားထက် ရယ်အားသန်သော သည်းထိတ်ရင်ဖိုဖြစ်ရပ်နှင့် ကြုံကြိုက်ခဲ့ရလေသည်။

ဘုရားရှိခိုး

၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ထရက်ဖလီသည် ခင်ပွန်းသည် တင်မိုသီမပါဘဲ ကားကို ကိုယ်တိုင်မောင်းလျက် သမီးသုံးဦးနှင့်အတူ ဘုရားရှိခိုးကျောင်းသို့ ထွက်ခဲ့လေသည်။ဘုရားရှိခိုးကျောင်းသို့အရောက်တွင် ကျောင်း၏ရှေ့မလှမ်းမကမ်း၌ ကားကိုရပ်ထားကာ အိပ်ပျော်နေသော နှစ်နှစ်အရွယ် သမီးငယ်ဖိုဘီကိုကားထဲတွင်သိပ်ထားခဲ့လျက် သော့ခတ်ပြီး ထရက်ဖလီသည် သမီးအကြီးနှစ်ဦးနှင့် ဘုရားရှိခိုးကျောင်းတွင်းသို့ ဝင်ရောက်ကာ ဘုရားရှိခိုးနေခဲ့သည်။

ရပ်နေကျ

ထရက်ဖလီသည် ဘုရားရှိခိုးကျောင်းအတွင်း ဘုရားရှိခိုးနေစဉ် ကျောင်းရှေ့ရှိ သူမနှင့် ပေ ၃၀မျှပင် မဝေးသော ဝေါလ်မာတ့်စတိုးဆိုင်၏ ဝင်ပေါက်ရှေ့တွင် ကားကိုရပ်ထားခဲ့ခြင်းဖြစ်သည်။ သူမသည် ထိုသို့ ကားကို ရပ်နေကျဖြစ်သည်။

အချိန်မီ

ထရက်ဖလီဘုရားရှိခိုးပြီး ကားဆီသို့သမီးအကြီးနှစ်ဦးနှင့်အတူပြန်လာချိန်တွင်မူ ပြဿနာတက်နေပေပြီ။တခြားမဟုတ်ပေ။ ရဲအဖွဲ့က ကားထဲတွင် အိပ်ပျော်နေသောထရက်ဖလီ၏နှစ်နှစ်အရွယ်သမီးငယ် ဖိုဘီကိုတွေ့ရှိသွားကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရဲအဖွဲ့သည် ဖိုဘီလေးအား ပြန်ပေးဆွဲခံရသောကလေး သို့မဟုတ် ပျောက်ဆုံးနေသောကလေးဟု စာရင်းသွင်းရန် ပြင်ဆင်နေကြလေပြီ။ သို့သော်လည်း ထရက်ဖလီက အချိန်မီရောက်လာသောကြောင့် သူမ၏သမီး ဖြစ်မှန်း သိရတော့သည်။

ပျော်ရွှင်နေမိ

ရဲတပ်ဖွဲ့က မေးမြန်းသောအခါတွင်မူ ထရက်ဖလီက ဖိုဘီသည် သူမ၏သမီးဖြစ်ကြောင်းသာ ပြောပြီး ဖိုဘီ၏နာမည်ကို ရဲတပ်ဖွဲ့သို့ မပြောကြားခဲ့ပေ။ ထို့နောက် သူမ၏ခင်ပွန်း တင်မိုသီကို လက်ကိုင်ဖုန်းမှ တစ်ဆင့် အကြောင်းကြား ခေါ်ယူခဲ့လေသည်။ တင်မိုသီရောက်လာသောအခါတွင်မူ ဖိုဘီသည် သူနှင့်ထရက်ဖလီတို့၏ သမီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ရဲအဖွဲ့က ထရက်ဖလီအား အသက်နှစ်နှစ်သာ ရှိသေးသောကလေးငယ်အား ကားတွင်း သော့ခတ်ကာထားခဲ့မှု၊ပေါ့ဆမှုစသည့် အသေးအဖွဲ့မှုဖြင့် တရားစွဲဆိုခံရသည်။ ထရက်ဖလီသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၈ရက်မှစတင် တရားစွဲဆိုခံရပြီး တရားရုံး၌အမှု ရင်ဆိုင်ခဲ့ရသည်။ ၂၀၀၈ခုနှစ်မတ်လ ၁၃ရက်တွင် အပြစ်မယူလောက်သောအသေးအဖွဲ့အမှုအဖြစ် တရားရုံးက ဆုံးဖြတ်ချက်ချကာ ထရက်ဖလီကွိုင်နီကို တရားသေလွှတ်ခဲ့သည်။ ချစ်ဇနီးသည်အတွက်အကြီးအကျယ်စိုးရိမ်ပူပန်နေခဲ့သော တင်မိုသီမှာလည်း ထိုအခါမှ သက်မ ချနိုင်တော့သည်။တင်မိုသီဂျုနီစီနှင့် ထရက်ဖလီကွိုင်နီတို့ ဇနီးမောင်နှံမှာ အမှုမှ ကွင်းလုံးကျွတ် လွတ်သည့်နေ့တွင်မူ လက်ထပ်ပြီးခါစ ဇနီးမောင်နှံကဲ့သို့ ဘဝသစ်ပြန်စသလို ပျော်ရွှင်နေမိတော့သည်။

ထရက်ဖလီကွိုင်နီသည် ယခုဖြစ်ရပ်ကြောင့် ငယ်ရွယ်သောကလေးအား ကားထဲတွင် သော့ခတ်မထားသင့်ကြောင်း သင်ခန်းစာရသကဲ့သို့ ချစ်ဇနီးသည်နှင့် ဝေးရမှာကို စိုးရွံ့မိသော တင်မိုသီဂျုနီစီ၏ သောကဗျာပွေခဲ့ရသောအဖြစ်ကိုသင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ရေးဖွဲ့လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

မိုက်ခရိုနီးရှားကျွန်းစုနိုင်ငံအကြောင်း တစေ့တစောင်း

သတင်းအက်ဆေး

မိုက်ခရိုနီးရှားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အနောက်ဘက်ဒေသတွင် တည်ရှိသည်။ ကျွန်းပေါင်း ၆၀၀ ပါဝင်ဖွဲ့စည်းထားပြီး ကော့စရေး၊ ပွန်ပေ၊ ချုး(ထရပ်)နှင့်ယက်ဟူ၍ ပြည်နယ်လေးခု ခွဲခြမ်းအုပ်ချုပ်သည်။ ဤကျွန်းစု နိုင်ငံအနေဖြင့် စုစုပေါင်း မြေသားအကျယ်အဝန်း အနည်းငယ်သာရှိသည်။



ထူထပ်

ပြင်သစ်နိုင်ငံထက် ငါးဆကျယ်သည့် သမုဒ္ဒရာရေပြင်တွင်ကျွန်းကလေးများ ပြန့်ကြဲလျက်ရှိသည်။ ပြည်နယ်လေးခုတွင် ချုး(ထရပ်) ပြည်နယ်သည် အကြီးဆုံးပြည်နယ်ဖြစ်သည့်အပြင် လူဦးရေလည်း အထူထပ်ဆုံးဖြစ်သည်။

အရောင်းအဝယ်

မိုက်ခရိုနီးရှားကျွန်းစုကို စပိန်နယ်သစ် ရှာဖွေသူများကာ၁၅၀၀ပြည့်နှစ်တွင် တွေ့သည်။ ၁၉ရာစုနှစ်လယ်ခန့်တွင် သာသနာပြုလုပ်ငန်းနှင့် အုန်းသီး အရောင်းအဝယ်စလုပ်သည်။ ၁၈၉၈ခုနှစ်တွင် မိုက်ခရိုနီးရှားနှင့်ပလောကျွန်းစု များပါဝင်သည့် ကာရိုလင်းကျွန်းများမှာ ဂျာမန်ကိုလိုနီများ ဖြစ်လာသည်။

အုပ်ချုပ်

၁၉၁၄ခုနှစ်တွင် ဂျပန်က မိုက်ခရိုနီးရှားကို သိမ်းပိုက်သည်။ ၁၉၃၉-၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားစဉ် မိုက်ခရိုနီးရှားသည် စစ်မြေပြင်ကြီးဖြစ်ခဲ့သည်။ ၁၉၄၇ခုနှစ်တွင် ကုလသမဂ္ဂ၏ ခွင့်ပြုချက်ဖြင့် အမေရိကန်က အုပ်ချုပ်သည်။

အတည်ပြု

၁၉၆၀ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် မိုက်ခရိုနီးရှားနှင့် အမေရိကန်တို့ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စ စတင်ဆွေးနွေးသည်။ ၁၉၇၉ခုနှစ်တွင် ပြည်နယ်လေးခုပါသည့် မိုက်ခရိုနီးရှားနိုင်ငံ ထူထောင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည်။ ၁၉၈၆ခုနှစ်တွင် အမေရိကန်နှင့် လွတ်လပ်စွာဆက်ဆံပေါင်းသင်းရေး စာချုပ်လက်မှတ်ထိုးသည်။ အမေရိကန်က စီးပွားရေးအကူအညီပေးပြီး ကာကွယ်ရေးကိစ္စကို တာဝန်ယူသည်။ ထို့ပြင် အမေရိကန် စစ်စခန်းဖွင့်ခွင့်ရသည်။ ၁၉၉၁ခုနှစ်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်ဖြစ်လာသည်။

များပြား

မိုက်ခရိုနီးရှားနိုင်ငံ၏ လူဦးရေမှာ ၁၁၁၀၀၀မျှသာရှိပြီး အမေရိကန်၊ ဂျပန်နှင့်တကွ အခြားနိုင်ငံများ၏ ထောက်ပံ့ရေး အကူအညီများ အလုံးအရင်းရနေသည့်ကြားမှပင် အလုပ်လက်မဲ့ဦးရေမှာ များပြားလျက်ရှိသည်။ သည်အထဲဖိလစ်ပိုင် ပြောင်းရွှေ့အလုပ်သမားဦးရေလည်း ပိုမိုတိုးပွားလာနေသေးသည်။ ပြည်သူအများစုမှာ လျှပ်စစ်မီးမရှိ၊ သောက်သုံးရေသန့်သန့်ရရှိရေးမှာ အခက်တွေ့ပြီး တစ်ခါတစ်ရံ ခွဲတမ်းချပေးရသည်။

မုန်တိုင်း

ပစိဖိတ်သမုဒ္ဒရာထဲမှ ဤကျွန်းစုနိုင်ငံကလေးမှာ တိုင်ဖုန်းမုန်တိုင်းရန်ကလည်း မသေးလှ။ ၂၀၀၂ခုနှစ် ဇူလိုင်လက မုန်တိုင်းကြောင့် ချုးပြည်နယ်တွင် အသေအပျောက်များရှိခဲ့သည်။ ၂၀၀၄ခုနှစ် ဧပြီလကမုန်တိုင်းတိုက်ခတ်မှုကြောင့် ယက်ပြည်နယ်၏ အခြေခံအဆောက်အအုံများ ဆိုးဆိုးရွားရွား ပျက်စီးကာ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်။

ခြိမ်းခြောက်

မိုက်ခရိုနီးရှားနိုင်ငံမှာ မကြာခဏဆိုသလို ပြင်းထန်သည့် တိုင်ဖုန်းမုန်တိုင်းဒဏ်ခံနေရကြောင်း၊ ရာသီဥတုပြောင်းလဲမှုက သူ့နိုင်ငံကို ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိုက်ခရိုနီးရှားသမ္မတ မစ္စတာယူရူဆီမယ်က ၂၀၀၃ခုနှစ်တွင် ပြောကြားခဲ့သည်။

ရွေးချယ်

လက်ရှိသမ္မတ အင်မယ်ညူယယ်မန်နီမိုရီကို ၂၀၀၇ခုနှစ် မေလတွင် နိုင်ငံ၏ သတ္တမမြောက် သမ္မတအဖြစ် ကွန်ဂရက်က ရွေးချယ်တင်မြှောက်ခဲ့သည်။ ဤနိုင်ငံ၌ သမ္မတကို လေးနှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်သည်။ သမ္မတမိုရီသည် မျိုးရိုးအားဖြင့် ဂျပန်အနွယ်ဖြစ်သည်။

မှီခိုနေရမှု

မိုက်ခရိုနီးရှားနိုင်ငံ၏ အကြီးဆုံးစိန်ခေါ်မှုမှာ နိုင်ငံခြား အကူအညီအပေါ် မှီခိုနေရမှုမှ လွတ်မြောက်ရေးပင်ဖြစ်သည်။ သမ္မတမိုရီသည် ဘဏ်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် အားလျော်စွာ အမှီအခိုကင်းရေးနည်းလမ်းကို ရှာကြံအကောင်အထည်ဖော်နိုင်သည်ဟု ယုံကြည်ရသည်။

အားတက်ဖွယ်

မိုက်ခရိုနီးရှားနိုင်ငံ၏ ကျွန်းများတွင် ပကတိအေးချမ်းရှုမောဖွယ် ပင်လယ်ကမ်းသောင်ယံ အများအပြားရှိနေမှုက ခရီးသွားလုပ်ငန်းအတွက် အားတက်စရာများဖြစ်သည်။ လောလောဆယ် လမ်းပန်းအဆက်အသွယ် မပြည့်စုံမှုကို ဖြည့်ဆည်းပေးလိုက်မည်ဆိုပါက ဤနိုင်ငံသည် ခရီးသွားလုပ်ငန်းတစ်ခုတည်းကပင် လက်ရှိရင်ဆိုင်နေရသော အကြီးမားဆုံး စိန်ခေါ်မှုကို အောင်နိုင်ကျော်လွှားနိုင်မည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

> **မိုက်ခရိုနီးရှားနိုင်ငံ၏ အကြီးဆုံး စိန်ခေါ်မှုမှာ နိုင်ငံခြားအကူအညီအပေါ် မှီခိုနေရမှုမှ လွတ်မြောက်ရေးပင်ဖြစ်သည်။ သမ္မတ မိုရီသည် ဘဏ်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် အားလျော်စွာ အမှီအခိုကင်းရေး နည်းလမ်းကို ရှာကြံအကောင်အထည်ဖော်နိုင်သည်ဟု ယုံကြည်ရ။**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ် လီမာပူလာကိုတိုခရိုင်အတွင်း မတ်၂၃ရက်က မြေပြိုမှုဖြစ်ပွားရာ ကားလမ်းအရှည် ရှစ်ကီလိုမီတာခန့်ပျက်စီးခဲ့ပြီး သွားလာရေး ပြတ်တောက်လျက်ရှိသည်။
- **ဂရိနိုင်ငံ အေသင်မြို့ ဖီမီစီနိုလေဆိပ်၌ မတ် ၂၃ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း အဆင်းတွင်ပြေးလမ်းချော်ခဲ့ရာ ခရီးသည်သုံးဦး ဒဏ်ရာရရှိခဲ့သည်။**
- ဟောင်ကောင်ကမ်းလွန်တွင် မတ်၂၃ရက်က ကုန်တင်သင်္ဘောတစ်စင်းနှင့် အခြားသင်္ဘောတစ်စင်းတိုက်မိခဲ့ရာ သင်္ဘောသား၁၈ဦး ပျောက်ဆုံးလျက်ရှိသည်။
- **ဆူဒန်နိုင်ငံတောင်ပိုင်း ရူဘန်မြို့၌ မတ် ၂၃ရက်၌ အပူချိန် ၁၁၀ဒီဂရီဖာရင်ဟိုက်အထိရှိပြီး အပူလှိုင်းကျရောက်ခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**
- ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့တွင် မတ်၂၃ရက်က အပူချိန် ရေခဲမှတ်အထိကျဆင်းခဲ့ရာ လေးဦးသေဆုံးခဲ့သည်။
- **အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့အနောက်ဘက် မိုင် ၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မြွေအလမ္မာယ်ပြနေသူတစ်ဦးသည် ၄င်းပြသနေသော မြွေဟောက် အကိုက်ခံရပြီး သေဆုံးသွားသည်။**
- ပီရူးနိုင်ငံတောင်ပိုင်း လီမာမြို့ကမ်းလွန်၌ မတ် ၂၃ရက်က မုန်တိုင်းမိပြီး ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသားလေးဦး ပျောက်ဆုံးလျက်ရှိသည်။ **(အောက်ပုံ)**

ဘဝဒဿန အမြင်

* ***Beauty is a natural superiority.***
  လှပချောမောခြင်းသည် သဘာဝကပေးထားသည့် အားသာချက်တစ်ခုဖြစ်သည်။

  ပလေတို
  (ဂရိအတွေးအခေါ်ပညာရှင်)

* ***There is no dependence that can be sure but a dependence upon one's self.***
  မိမိကိုယ်သာ ကိုးကွယ်ရာ။

  ဂျွန်ဂေး
  (ပြဇာတ်ရေးဆရာ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၄-၃-၂၀၀၈

တူရကီ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

တူရကီနိုင်ငံအနောက်မြောက်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တူရကီကျန်းမာရေးအရာရှိများက ပြောကြားသည်။

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း အီဒီမီပြည်နယ် အီစီတစ်ကျေးရွာ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ ၁၀၀၀ခန့် သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ၄င်းတို့က ပြောကြားသည်။

အမေရိကန်တပ်သား ဂျပန်၌လူသတ်မှုဖြင့် အဖမ်းခံရ

ဂျပန်နိုင်ငံတွင်အငှားယာဉ်မောင်းတစ်ဦးအား သတ်ဖြတ်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဖမ်းဆီးခံရကြောင်း ဂျပန်အရာရှိ များက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ အမေရိကန် အခြေစိုက်စခန်းအနီး ယိုကိုဆူကာမြို့တွင် အသတ်ခံရ၍ သေဆုံးနေသောအငှားယာဉ်မောင်းတစ်ဦး၏အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်၏ အကြွေးဝယ်ခွင့်ကတ်ရရှိခဲ့ခြင်းကြောင့် စုံစမ်းမှုပြုလုပ်ရန် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်ကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

စက္ကူစက်ရုံမီးလောင်မှု တရုတ်၌ ဖြစ်ပွား

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်တွင် စက္ကူစက်ရုံမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ကျီကျင်းပြည်နယ်မှမီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။

အဆိုပါစက္ကူစက်ရုံမီးလောင်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီးစက္ကူတန်ချိန် ၉၀၀၀ မီးလောင်ကျွမ်းခံခဲ့ရကြောင်း ၄င်းအရာရှိများက ပြောကြားသည်။

ကယ်လီဖိုးနီးယား၌ အလုပ်လက်မဲ့နှုန်း မြင့်တက်

အမေရိကန်နိုင်ငံ၏ လူဦးရေအများဆုံးပြည်နယ်ဖြစ်သော ကယ်လီဖိုးနီးယား၌ အလုပ်လက်မဲ့ အရေအတွက်မြင့်မားလျက်ရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မှ အရာရှိများက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလက ကယ်လီဖိုးနီးယားပြည်နယ်၌ အလုပ်လက်မဲ့နှုန်း ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု ၄င်းတို့က ပြောကြားသည်။

အမေရိကန်ရဟတ်ယာဉ်က ပစ်ခတ်မှု အီရတ် ၁၂ ဦးသေဆုံး

အီရတ်နိုင်ငံဒီယာလာပြည်နယ်တွင် အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းက ပစ်ခတ်မှုကြောင့် အီရတ်ပြည်သူ ၁၂ ဦး သေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့များက ပြောကြားသည်။

ထိုသို့တိုက်ခိုက်ခြင်းမှာ ဘာလာရုဇ်မြို့၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေအိမ်လေးလုံးလည်း ပျက်စီးခဲ့ကြောင်း အီရတ်ရဲအရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းတိုက်ခတ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၂ဦး သေဆုံးပြီး ၂၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀နှုန်း တိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကောက်ပဲသီးနှံများစွာ ပျက်စီးခဲ့ကြောင်း ၄င်းတို့က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂါဇာ ကမ်းမြောင်ဒေသ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ဂါဇာမြို့တောင်ပိုင်း ဟားမတ်စ်တို့၏ စစ်အခြေစိုက်စခန်း၌ဖြစ်ပြီး မတော်တဆဖြစ်ရပ်ကြောင့် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ၄င်းတို့က ပြောကြားသည်။

ကာဒ်လူမျိုးသုံးဦးအား ဆီးရီးယားတို့က ပစ်သတ်

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကာ့ဒ်လူမျိုးသုံးဦးကို ဆီးရီးယား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း ဆီးရီးယား အရာရှိများက ပြောကြားသည်။

ထိုသို့ပစ်ခတ်မှုမှာ ကာမစ်လီမြို့တွင်ဖြစ်ပြီး ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့မှုကြောင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

25-3-08 (05).pmd 1 3/24/2008, 11:56 PM

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပါကစ္စတန်ညွန့်ပေါင်းအစိုးရဖွဲ့မှု မူရှာရက်ဖ်အပြည့်အဝထောက်ခံ

အစ္စလမ္မာဘတ် မတ် ၂၄

လာမည့် ပါကစ္စတန် ညွန့်ပေါင်း အစိုးရအဖွဲ့ကို သူအပြည့်အဝထောက်ခံမည်ဖြစ်ကြောင်း ပါကစ္စတန်အမျိုးသားနေ့ နှစ်ပတ်လည် အခမ်းအနားတတ်ရောက်သည့် သမ္မတ မူရှာရက်ဖ်က ပြောကြားသည်။

ပြောကြား

အတိုက်အခံပါတီများက ယူစွပ်ရာ ဇာဂီလာနီအား ဝန်ကြီးချုပ်ခန့်ရန် ညှိနှိုင်းထားပြီး နောက်တစ်ရက် မတ်လ ၂၃ရက်တွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ညွန့်ပေါင်းအစိုးရ

ဂီလာနီသည်လုပ်ကြံခံရသူအတိုက်အခံ ခေါင်းဆောင် မစ္စဘူတိုအား ထောက်ခံသူဖြစ်ပြီး ဝန်ကြီးချုပ်ရာထူး ၎င်းအား ထောက်ခံခန့်အပ်ရေးကို မတ် ၂၄ရက်တွင် အတည်ပြုမည့် လက္ခဏာရှိသည်။ သူသည် မစ္စဘူတို၏ ပီပီပီ ပါတီနှင့်ဝန်ကြီးချုပ်ဟောင်း နဝပ်ရှာရစ်ဖ်ဝင်ပါတီတို့၏ ညွန့်ပေါင်းအစိုးရကို ဦးဆောင်ရမည့်သူ ဖြစ်သည်။

လမ်းကြောင်းပေါ်

ပါကစ္စတန်နိုင်ငံ၌ စစ်မှန်သည့် ဒီမိုကရေစီခေတ်သစ်ကိုမြင်နေပြီ ဖြစ်ကြောင်း၊ ရှစ်နှစ်အတွင်းတွင် မိမိတို့သည် ဒီမိုကရေစီ အုတ်မြစ်ကိုချပေးရုံမျှမက ပါကစ္စတန်နိုင်ငံကို တိုးတက်ကြွယ်ဝသည့် လမ်းကြောင်းပေါ်သို့ တင်ပေးနိုင်ပြီဖြစ်ကြောင်း သမ္မတမူရှာရက်ဖ်က ပြောကြားသည်။

မည်သည့် အစိုးရသစ်ကို ဖွဲ့စည်းသည်ဖြစ်စေ မိမိ၏ ထောက်ခံမှုအပြည့်အဝရရှိမှာဖြစ်ကြောင်း သမ္မတ မူရှာရက်ဖ်က ထည့်သွင်း ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာ အာကာသစခန်း၌ အင်ဒီဗားလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများ အာကာသတွင်း လမ်းထွက်လျှောက်ပြုပြင်မှု ပြုလုပ်နေသည်ကို မတ်၂၄ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

သမ္မတဟောင်းကလင်တန် ဟီလာရီဘက်မှ ထောက်ခံပြောကြားမှု အိုဘားမားအားထောက်ခံသူ ဗိုလ်ချုပ်ကြီးဟောင်းမက်ပိ ပြစ်တင်ဝေဖန်

ဝါရှင်တန် မတ် ၂၄

ဒီမိုကရက်တစ်ပါတီမှ သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရရေး ကြိုးပမ်းလျက်ရှိသည့် အိုဘားမားအား ထောက်ခံသူအငြိမ်းစား အမေရိကန်လေတပ်ဗိုလ်ချုပ်ကြီး တိုနီမက်ပိက အိုဘားမား၏ မျိုးချစ်စိတ်ဓာတ်အပေါ် မေးခွန်းထုတ်သည့်သဘော သက်ရောက်သည့် သမ္မတဟောင်းကလင်တန်အား မတ် ၂၂ရက်က ပြစ်တင်ဝေဖန်လိုက်သည်။



ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း အိုဘားမား

ဝမ်းနည်းမိ

ဇနီး ဟီလာရီကလင်တန်ဘက်မှ ထောက်ခံပြောဆိုသည့် သမ္မတဟောင်းကလင်တန်၏ ဝေဖန်ပြောကြားမှုကို ကြားရသည့်အခါ ဝမ်းနည်းမိကြောင်းဖြင့် ဗိုလ်ချုပ်ကြီးဟောင်း တိုနီမက်ပိက ပြောကြားသည်။

တုံ့ပြန်

အော်ရီဂွန်ပြည်နယ် မက်ဖို့ဒ်၌ အိုဘားမား၏ မဲဆွယ်စည်းရုံးပွဲတွင် ဗိုလ်ချုပ်ကြီးဟောင်း တိုနီမက်ပိက အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အကြိတ်အနယ်

ယခုအခါ အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် နိုဝင်ဘာ ၄ ရက် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီသမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်စည်းရုံးမဲဆွယ်လျက်ရှိသည်။

အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့ နှစ်ဦးစလုံးသည် မျိုးချစ်စိတ်ဓာတ်ရှိကြသူများဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးဟောင်း မက်ပိက ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

အင်ဒီဗားလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများ ခြောက်နာရီကြာ အာကာသတွင်း လမ်းထွက်လျှောက်

နာဆာ မတ် ၂၄

အင်ဒီဗားလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)၌ ပေ၅၀ရှည်လျားသော စစ်ဆေးရေးတန်းပြားများကို လာမည့်အာကာသလွန်းပြန်ယာဉ် အသုံးပြုနိုင်ရန် သိမ်းဆည်းမှုပြုလုပ်ခဲ့ကြောင်း မတ်၂၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာကာသယာဉ်မှူးများသည် မတ် ၂၆ရက်တွင် ကမ္ဘာမြေသို့ ပြန်မလာမီ နောက်ဆုံးအဖြစ် အာကာသအတွင်း လမ်းလျှောက်လျက် စစ်ဆေးရေးတန်းပြားကို သိမ်းဆည်းခဲ့သည်။

လေဆာရောင်ခြည်

ယင်းအာကာသစခန်းသို့ မေလတွင် ဒစ္စကာဗာရီလွန်းပြန်ယာဉ် ပြန်လာမည်ဖြစ်သည်။ ၎င်းလွန်းပြန်ယာဉ် လာရောက်စဉ်အတွင်း သိမ်းဆည်းထားသော စစ်ဆေးရေးတန်းပြားများကို အသုံးပြုရမည်ဖြစ်သည်။ ၎င်းစစ်ဆေးရေးတန်းပြား ထိပ်ဖျားများတွင် လေဆာရောင်ခြည် ထည့်သွင်းထားသည်။ ယင်းစစ်ဆေးရေးတန်းပြားများကို သုံး၍ ထိခိုက်ပျက်စီးနေသော လွန်းပြန်ယာဉ်ကို စစ်ဆေးနိုင်သည်ဟု ဆိုသည်။

၂၀၀၃ခုနှစ်က ကိုလံဘီယာလွန်းပြန်ယာဉ် ပျက်ကျခဲ့ပြီးနောက် ကမ္ဘာမြေသို့ ပြန်လည်မထွက်ခွာမီ စစ်ဆေးရေးတန်းပြားများကို အသုံးပြု၍ ပျက်စီးမှုရှိမရှိ သေချာစွာ စစ်ဆေးမှုများ ပြုလုပ်လာသည်။

ခြောက်နာရီကြာ

အင်ဒီဗား အာကာသယာဉ်မှူးများဖြစ်ကြသည့် မိုက်ကယ်ဖိုးမင်းနှင့် ရောဘတ်ဘန့်ကင်တို့သည် မတ်၂၂ရက်က ခြောက်နာရီကြာ အာကာသတွင်း လမ်းထွက်လျှောက်ခဲ့ကြသည်။

ကီဘိုဓာတ်ခွဲခန်း

ယင်းတို့သည် အင်ဒီဗားလွန်းပြန်ယာဉ်ရှိ အပူခံပြားများ ခိုင်ခံ့မှုရှိမရှိတို့ကိုလည်း စစ်ဆေးကြည့်ရှုခဲ့ကြသည်။ ထို့အပြင် အာကာသစူးစမ်းလေ့လာရေး အေဂျင်စီ၏ ကီဘိုဓာတ်ခွဲခန်းကိုလည်း တပ်ဆင်ပေးခဲ့သည်။

ပြန်လာရန်

နိုင်ငံတကာ အာကာသစခန်းကို ဒက်ဇ်ထရီဟု အမည်ပေးထားသော စက်ရုပ်ကို အသုံးပြုလျက် ပြင်ပပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် စီစဉ်ပြုလုပ်ပေးထားသည်။ အင်ဒီဗား လွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ၁၂ရက် ကြာနေပြီးနောက် မတ်၂၆ရက်တွင် ကမ္ဘာမြေသို့ ပြန်လာရန် စီစဉ်ထားသည်။ **(အင်တာနက်)**

အမေရိကန်လုပ် အက်ဖ်-၁၆ တိုက်လေယာဉ်များ ကင်ဆာဖြစ်နိုင်သည့် ဓာတ်ငွေ့ယိုစိမ့်မှုတွေ့ရ

ဂျေရုဆလမ် မတ် ၂၄

အမေရိကန်လုပ် အက်ဖ်-၁၆ တိုက်လေယာဉ်၏ လေယာဉ်မှူးအခန်းအတွင်း၌ ကင်ဆာဖြစ်ပွားစေနိုင်သော မသင်္ကာဖွယ် ဓာတ်သတ္တုများတွေ့ရှိခဲ့မှုကြောင့် အစ္စရေးလေတပ်က ၎င်းလေယာဉ်များဖြင့် စစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းထားကြောင်း မတ် ၂၁ ရက်တွင် ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အစ္စရေးက အမေရိကန်စစ်လေယာဉ်များ ထုတ်လုပ်ပေးနေသော လော့ဟီးမာတင်ကော်ပိုရေးရှင်းအား သတိပေးလိုက်သည်။

၎င်းအက်ဖ်-၁၆ တိုက်လေယာဉ်များ၏ လေယာဉ်မှူး အခန်းအတွင်း ဖော်မယ်ဒီဟိုက် ဓာတ်ငွေ့ အကြွင်းအကျန်များ ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

အစ္စရေးလေတပ်က ထိုကိစ္စနှင့် စပ်လျဉ်းပြီး လေယာဉ်ထုတ်လုပ်သည့် လော့ဟီးမာတင်နှင့် ပူးပေါင်းဆောင်ရွက်ကာ စမ်းသပ်မှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်ဈေးတစ်ဈေးအတွင်း ဝင်ရောက်ပစ်ခတ် ခြောက်ဦးသေဆုံး၊ ၁၆ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဈေးတစ်ဈေး၌ မတ်၂၃ရက်က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် ကားသုံးစီးဖြင့် ရောက်လာပြီး တရစပ် ပစ်ခတ်သွားခဲ့ရာ **(အောက်ယာပုံ)** ခြောက်ဦးသေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အစိမ်းရောင်ဇုန်

ယင်းပစ်ခတ်မှုကြောင့် အနည်းဆုံး ၁၆ဦးလည်း ဒဏ်ရာရရှိသွားကြောင်း၊ ထိုနေ့အစောပိုင်းက ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဇုန်အတွင်း၌လည်း ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိ

ထို့အပြင် မိုဆူးလ်မြို့ မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်း၌လည်း အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့၍ အနည်းဆုံး အီရတ်တပ်ဖွဲ့ဝင် ၁၃ဦး သေဆုံးသွားခဲ့သည်။ ယင်းဗုံးခွဲ တိုက်ခိုက်မှုကြောင့် အခြားလူ၃၀လည်း ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ဒုံးကျည်ဖြင့်ပစ်

မတ် ၂၃ရက် အစောပိုင်းက ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဇုန်အတွင်း တိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် ၁၂ချက် ပစ်ခတ်ခဲ့သည်။

နေထိုင်ရာ

ယင်း အစိမ်းရောင်ဇုန်အတွင်း အီရတ်အစိုးရအိမ်ရာများ၊ အမေရိကန်နှင့် ဗြိတိသျှသံရုံးများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်ရာ အရပ်ဖြစ်သည်။ **(အင်တာနက်)**

နှစ်စဉ် လူပေါင်းတစ်သန်းကျော် ကမ္ဘာတစ်ဝန်း၌ ယာဉ်မတော်တဆမှုများကြောင့်သေဆုံးနေ

ပေကျင်း မတ် ၂၄

တရုတ်နိုင်ငံသည် ၂၀၀၇ခုနှစ်အတွင်း မော်တော်ကားစီးရေ ၁၀၀၀၀ ရှိတိုင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း၊ ယင်းမှာ ကမ္ဘာတွင် အမြင့်ဆုံး ဖြစ်ကြောင်း ပေကျင်းမြို့၌ ကျင်းပသော မော်တော်ယာဉ်လုံခြုံမှု ဖိုရမ်၌ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကမ္ဘာပေါ်တွင် ကားစီးရေ ၁၀၀၀၀လျှင် ပျမ်းမျှအားဖြင့် နှစ်ဦးနှုန်း သေဆုံးနေကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

တရားဝင်ထုတ်ပြန်

တရုတ်နိုင်ငံသည် ၁၉၉၆ခုနှစ်မှစပြီး ကမ္ဘာပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ ပထမအဆင့်၌ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ယာဉ်မတော်တဆမှုကြောင့် တရုတ်နိုင်ငံ၌ လူပေါင်း ၈၁၆၄၉ဦး သေဆုံးခဲ့ကြောင်း တရားဝင်ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။ ၂၀၀၇ခုနှစ်က တရုတ်နိုင်ငံတွင် ကားစီးရေ ၈ ဒသမ ၈၈သန်း ထုတ်လုပ်ခဲ့ပြီး ၈ ဒသမ ၇၉ သန်း ရောင်းချခဲ့ရသည်။

ယာဉ်မတော်တဆမှု

ကမ္ဘာတစ်ဝန်းတွင် ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူပေါင်း ၁ဒသမ၂သန်း သေဆုံးပြီး သန်း၅၀ ဒဏ်ရာရရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

မကွေးဆေးတက္ကသိုလ်

တစ်မျိုးသားလုံး ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ပေးနိုင်ရန်အတွက် ဆေးဘက်ဆိုင်ရာ မျိုးဆက်သစ် ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် မကွေးဆေးတက္ကသိုလ်အား ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် မြိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ထားသည့် အထွေထွေရောဂါကုဆေးရုံကြီး(မြိတ်)ကို ဤသို့ ထည်ဝါစွာ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

(၆၃)နှစ်မြောက်
တပ်မတော်နေ့
အကြိုဂုဏ်ပြု

တိုးတက်လာသော လူဦးရေနှင့် အချိုးအစား မျှတသည့် ဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာနများကို စီမံချက်ရေးဆွဲ၍ ဖြန့်ကြက် တည်ဆောက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ အထွေထွေရောဂါကုဆေးရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)က နိုင်ငံတကာအဆင့်မီ တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**ဆေးရုံများ တိုးချဲ့မြှင့်တင်မှု**			
	– ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၆၃၁	၈၃၉	၂၀၈
	– အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံများ	၁၄	၂၆	၁၂
၂	**တိုင်းရင်းဆေး**			
	– တိုင်းရင်းဆေးရုံ	၂	၁၄	၁၂
	– တိုင်းရင်းဆေးကုဌာန	၈၉	၂၃၇	၁၄၈
၃	**ကျန်းမာရေးဌာန**			
	– ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၆၈	၁၃၁
	– ဒေသန္တရကျန်းမာရေးဌာန	၆၄	၈၆	၂၂
၄	**ဆေးနှင့်ကျန်းမာရေးဆိုင်ရာသင်ကြားမှု**			
	– တက္ကသိုလ်များ	၄	၁၅	၁၁
	– သင်တန်းကျောင်းများ	၂၁	၄၃	၂၂
၅	**ကျန်းမာရေးဝန်ထမ်းများ**			
	– ဆရာဝန်	၁၂၂၆၈	၂၆၅၉၁	၁၄၃၂၃
	– သွားဆရာဝန်	၈၅၇	၂၃၀၅	၁၄၄၈
	– သူနာပြု	၈၃၄၉	၂၁၇၈၁	၁၃၄၃၂
	– သွားသူနာပြု	၉၆	၁၇၅	၇၉
	– လက်ထောက်ကျန်းမာရေးမှူး	၁၂၃၈	၃၇၉၀	၂၅၅၂
	– ကျန်းမာရေးဆရာမ	၁၅၅၇	၃၅၂၃	၁၉၆၆
	– သားဖွားဆရာမ	၈၀၂၁	၂၀၂၈၇	၁၂၂၆၆
	– ကျန်းမာရေးကြီးကြပ်	၄၉၀	၄၀၁၄	၃၅၂၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပန်းမွေ့ရာ ရွှေကော်ဇော

စိုင်းသီဟ

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ကိုလိုနီ လက်အောက်ခံဘဝမှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ထူထောင်နိုင်ရန် အတွက် မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို နယ်ချဲ့တို့အလိုကျ အလျင်စလို ရေးဆွဲပြဋ္ဌာန်းခဲ့ရသည်။ ထိုအခြေခံဥပဒေတွင် ကိုလိုနီ နယ်ချဲ့၏ လူမျိုးရေး သွေးခွဲမှုပယောဂများ ပူးကပ် ပါဝင်ခဲ့သည်။ ၁၉၄၇အခြေခံဥပဒေအရကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်မှာ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်။

ထို့ကြောင့် ပါလီမန်ဒီမိုကရေစီ ခေတ်တွင် အုပ်စုဖွဲ့ပဋိပက္ခများနှင့် နိုင်ငံရေးအာဏာလုပွဲများ အတောမသတ် ဖြစ်ပွားလာခဲ့သည်။ ဒုတိယကမ္ဘာစစ် အဝင်အထွက်ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရသဖြင့် ပြာပုံတမျှ ဖြစ်နေသော တိုင်းပြည်သည် ရောင်စုံလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် စစ်တလင်းပမာ ဖြစ်ခဲ့ရသည်။

ပါလီမန် ဒီမိုကရေစီစနစ်၏ အနိဋ္ဌာရုံများကြောင့် ၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြန်သည်။ ဆူပူသောင်းကျန်းမှုပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေး ဖိတ်ခေါ် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ နိုင်ငံရေးအကျုပ်ကိုင် တောင်းဆိုမှု များကြောင့် နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကြိုးပမ်း မှုများ ရှေ့မတိုးနိုင်ခဲ့ပေ။ လက်နက်ကိုင် လမ်းစဉ်ကို ဖက်တွယ်ကျင့်သုံး နေသူများကြောင့် တပ်မတော်က ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ရသည်။

၁၉၈၈ခုနှစ်တွင် ခေတ်ပြောင်း စနစ်ပြောင်းလို သောဆန္ဒကို ပြည်သူတို့က ထုတ်ဖော်ပြသခဲ့ကြသည်။ ပွဲလုန့်ပြီးဖျာခင်းရန် အကွက်ကောင်း စောင့်နေသော လက်ဝဲလက်ယာ အဖျက်သမားများက ပြည်သူ့ဆန္ဒကို ခုတုံးလုပ်ပြီး ဆူပူအုံကြွအကြမ်းဖက်မှုများ ဖြစ်ပွား အောင် လှုံ့ဆော်ဖန်တီးခဲ့ကြသည်။ မြေပေါ်မြေအောက် နှစ်ဖက်ညှပ်တိုက်ရန် အကွက်ချ စီစဉ်ထားသော ဗကပသောင်းကျန်းသူများက ၁၄-၉-၁၉၈၈ ရက်နေ့ မှစ၍ တပ်မတော်စခန်းများကို သွေးတိုးစမ်းတိုက်ခိုက် လာသည်။ ၂၃-၉-၁၉၈၈ ရက်နေ့တွင် ဗကပများက အင်အား အလုံးအရင်းဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်သည်။ ဗကပ ၁၅၀၀ ခန့်ဖြင့် တိုက်ခိုက်ခြင်းဖြစ်၍ အင်အားမမျှ သဖြင့် ရှေးဦးစွာ တပ်စခန်းကုန်းအချို့ကို လက်လွှတ် ပေးခဲ့ရသည်။ တပ်စခန်းအင်အားများ ပြန်လည်စုစည်း ပြီး ကြဲ့ကြဲ့ခံ တိုက်ခိုက်နေချိန်တွင် စစ်ကူစစ်ကြောင်း များကို စေလွှတ်ခဲ့ရသည်။ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားပြီး ၃၀-၉-၁၉၈၈ရက်နေ့တွင် ဗကပများ ကစဥ့်ကလျား ဆုတ်ခွာသွားရသည်။

KNU သောင်းကျန်းသူများကလည်း ၂၆-၉-၁၉၈၈ ရက်နေ့မှစ၍ မဲသဝေါဒေသကို ထိုးစစ်ဆင် သည်။ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်း ဖြစ်၍ ခံစစ်စခန်းအချို့ လက်လွှတ်ခဲ့ရသည်။ တိုက်ပွဲ များ ရက်ဆက်ဖြစ်ပွားခဲ့သည်။ တပ်မတော်က အင်အား များစုစည်းပြီး ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့ရသည်။ ရက်ပေါင်း ၉၀ နီးပါး ကြာမြင့်ခဲ့သည့် မဲသဝေါတိုက်ပွဲ တွင် KNU များ အထိနာပြီး ဆုတ်ပြေးကြရသည်။

မြန်မာနိုင်ငံ၏ ၁၉၈၈ခုနှစ်အထိ ပြည်တွင်း သောင်းကျန်းမှုသမိုင်းတွင် စစ်ရေး၊ နိုင်ငံရေးအရ အစိုးရအဆက်ဆက်ကို အန်တုမှုအပြုနိုင်ဆုံးသော မြေအောက်ပါတီမှာ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဖြစ်သည်။ ဗကပသည် တပ်မတော်နှင့်ပြည်သူတို့၏ ပူးပေါင်းချေမှုန်းမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမကို စွန့်ခွာခဲ့ရသော်လည်း အရှေ့မြောက်ဒေသမှ တိုင်းရင်းသားများကို သိမ်းသွင်းချုပ်ကိုင်ခဲ့သည်။ အခြား တိုင်းရင်းသား သောင်းကျန်းသူအဖွဲ့များကိုလည်း လွှမ်းမိုးကြီးစိုးထားသည်။

သို့သော် ဗကပသည် ပြည်ပအားကိုးပြီး ရပ်တည် ခဲ့သောပါတီဖြစ်သည်။ လူမျိုးကြီးဝါဒ၊ ပါတီကြီးဝါဒကို တစ်လျှောက်လုံး ကျင့်သုံးခဲ့သည်။ နိုင်ငံတကာရေးရာ အခင်းအကျင်းများ ပြောင်းလဲလာသည်နှင့်အမျှ ဗကပ တို့ နာလန်မထူနိုင်တော့ပေ။ ဤသို့ဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီသည် ပျက်စီးချိန်တိုင်ခဲ့သည်။

၁၉၈၉ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ ကိုးကန့် တိုင်းရင်းသားတို့က မုံးကိုးတွင် ဗကပများကို ပြန်လည် တွန်းလှန်သည်။ မုံးကိုးရှိ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုးကန့်ခရိုင်ရုံးကို သိမ်းပိုက်လိုက်သည်။

မတ်လ ၁၄ ရက်နေ့တွင် ဗကပမြောက်ပိုင်း ဗျူရို တပ်မဟာ(၁)မှ ကိုးကန့်နှင့် 'ဝ' တိုင်းရင်းသားများက ဗကပတပ်မဟာ (၈၈)မှ ခေါင်းဆောင်များကို ဖမ်းဆီးပြီး လက်နက်သိမ်းသည်။ မတ်လ ၁၈ရက်နေ့ တွင် ကိုးကန့်နှင့် 'ဝ' တိုင်းရင်းသားတို့က ဗမာပြည် ကွန်မြူနစ်ပါတီ၏ မြောက်ပိုင်းဗဟိုဌာနခွဲကို ထိန်းချုပ် လိုက်သည်။ ၁၉၈၉ခုနှစ် ဧပြီလ၁၇ရက်နေ့တွင် 'ဝ' တိုင်းရင်းသားများက ဗကပ၏ဗဟိုဌာနချုပ်ဖြစ်သော ပန်ဆန်းကို သိမ်းပိုက်သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူချိန်မှစပြီး လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒကို ဆက်ခံ ကျင့်သုံးခဲ့သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ကို အလေးထား တည်ဆောက်ခဲ့သည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖိတ်ခေါ်ကျင်းပသည်။ ကိုးကန့် တိုင်းရင်းသားများသည် မြန်မာနိုင်ငံလူမျိုးစုများ ဒီမို ကရေစီ မဟာမိတ်တပ်ပေါင်းစု (MNDA) အမည် ဖြင့် ၁၉၈၉ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ဥပဒေဘောင် အတွင်း ဝင်ရောက်လာသည်။ 'ဝ' တိုင်းရင်းသားများ ကလည်း ၁၉၈၉ခုနှစ်၊ မေလ၉ရက်နေ့တွင် မြန်မာပြည် အမျိုးသား သွေးစည်းညီညွတ်ရေးပါတီ (MNSP) အမည်ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။

ဗကပတို့၏ လွှမ်းမိုးချုပ်ကိုင်မှုကို ခံနေရသော ရှမ်းပြည်တပ်မတော် (ခေါ်) (SSA)ကလည်း ၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) မိုင်းလားဒေသမှ ရှမ်းနှင့်အခါ လက်နက် ကိုင်အဖွဲ့များကလည်း အမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်ဖွဲ့၊ ရှမ်းပြည်အရှေ့ပိုင်း စစ်ရေးနှင့်ဒေသန္တရ အုပ်ချုပ်မှုကော်မတီ (NDAA)အဖြစ် ၁၉၈၉ခုနှစ်၊ ဇွန်လ ၃၀ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက် သည်။

မေခအရှေ့ခြမ်းမှ ဗကပ၏ ကြီးစိုးမှုအောက်ကျ ရောက်ခဲ့ရသော လောင်ဝေါ်နှင့် လချိတ်တိုင်းရင်းသား များကလည်း ၁၉၈၉ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ဒီမိုကရေစီသစ်တပ်မတော်(NDA)အမည်ဖြင့် ဥပဒေ ဘောင် အတွင်းသို့ ဝင်ရောက်သဖြင့် ဗကပ၏လက်နက် ကိုင်တပ်များ လုံးဝချုပ်ငြိမ်းသွားသည်။

တပ်မတော်သည် ကျန်တိုင်းရင်းသားလက်နက် ကိုင် အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေးရရှိရန် ဆက် လက် ကြိုးပမ်းသည်။ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ကျင့်သုံးသော မူဝါဒမှာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည်။ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည် သည်။ ခွဲထွက်ခွင့်ကို လက်မခံပေ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်သည်။ ဆွေမျိုးသားချင်း အချင်းချင်း ဆန့်ကျင်တိုက်ခိုက်ရန် မလိုလားပေ။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ကို အလေးထားသည်။ လွတ်လပ်ရေးကို ထိပါးမည့် ပြည်ပ ပယောဂများကို ထာဝရဖယ်ရှားသည်။

တပ်မတော်၏ မှန်ကန်သော သဘောထားနှင့် လုပ်ရပ်များကြောင့် ဒို့တာဝန်အရေးသုံးပါးကို ယုံကြည် လက်ခံသော အဖွဲ့အစည်းတိုင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ သည် ဒို့တာဝန်အရေးသုံးပါးကို ယုံကြည်လက်ခံကြောင်း ဖော်ထုတ်ပြသဆောင်ရွက်ခဲ့ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကောင်းခါးဒေသမှ ကချင်တိုင်းရင်းသားများကလည်း ၁၉၉၁ခုနှစ်၊ ဇန်နဝါရီ လ ၁၁ ရက်နေ့တွင် ကချင်အမျိုးသား တိုးတက်ရေးနှင့် လုံခြုံရေးတပ်မတော်(KDA)အဖြစ် ဥပဒေဘောင် အတွင်း ရောက်ရှိလာသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ကလည်း ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဥပဒေဘောင် အတွင်း ဝင်ရောက်သည်။

တစ်ချိန်က ဗကပတို့၏ လွှမ်းမိုးခြင်းကိုခံခဲ့ရသော ပလောင် ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (PSLA) ကလည်း ၁၉၉၁ခုနှစ်၊ ဧပြီလ ၂၁ရက်[illegible] ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ တစ်[illegible] မျှသောကာလအတွင်း ရှမ်းပြည်နယ်တစ်ခုလုံ[illegible] ငြိမ်းချမ်းရေးအောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့သည်။နှစ်[illegible] များစွာ ငြိမ်းချမ်းရေးနှင့် ကင်းဝေးနေကြ[illegible] ဒေသခံတိုင်းရင်းသားတို့သည် ငြိမ်းချမ်းရေး၏အ[illegible] လက်တွေ့သိရှိ ခံစားလာခဲ့ကြရသည်။

၁၉၉၂ခုနှစ်၊ ဖေဖော်ဝါရီလ၂၇ရက်နေ့တွင် [illegible] အမျိုးသားလုံခြုံရေးတပ်(KNG)လည်း ဥပဒေ[illegible] အတွင်း ဝင်ရောက်လာပြန်သည်။

၁၉၉၂ခုနှစ်၊ ဧပြီလ၂၈ရက်နေ့တွင် တပ်[illegible] သည် ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးတည်[illegible] နိုင်ရန်အတွက် စစ်ဆင်ရေးများ ရပ်ဆိုင်း[illegible] ကြေညာသည်။ တစ်ချိန်တည်းမှာပင် တစ်[illegible] အတိုင်းအတာဖြင့် ထိုးစစ်များကို ရပ်ဆိုင်းပေး[illegible]

တပ်မတော်က ထိုးစစ်ရပ်ဆိုင်းပေးခြင်းမှာ [illegible] ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသော[illegible] ဖြစ်သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွ[illegible] တည်ဆောက်မှုအတွက် အထောက်အကူ[illegible] လုပ်ငန်းစဉ်ကို ဖော်ဆောင်ပေးခြင်း ဖြစ်[illegible] တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို [illegible] နိုင်ငံ၏ အရေးပါသော အမျိုးသားနိုင်ငံရေးအင်[illegible] များအဖြစ် ထာဝစဉ်ရှုမြင်ခံယူထား၍ ဖြစ်သ[illegible]

တပ်မတော်အစိုးရသည် တစ်ဖက်မှ အမျိ[illegible] ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆော[illegible] ပေးခဲ့သည့် နည်းတူ အခြားတစ်ဖက်မှ [illegible] တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တိုင်းရ[illegible] ကိုယ်စားလှယ်များစုံညီစွာ အမျိုးသားရေး ရ[illegible] ချက်ကို အမျိုးသားညီလာခံဖြင့် ဖော်ဆောင်[illegible] စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

၁၀-၇-၁၉၉၂ရက်နေ့ အမျိုးသားညီ[illegible] ကျင်းပရေး အကြိုညှိနှိုင်း ဆွေးနွေးပွဲတွင် လ[illegible] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း [illegible] ဘောင်အတွင်း ဝင်ရောက်လာပါက အမျိုးသားညီ[illegible] တွင် ပါဝင်တက်ရောက်ဆွေးနွေးခွင့် ရရှိမည်ဖြစ်[illegible] တရားဝင်အသိပေး ပြောကြားခဲ့သည်။

၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့တွင် အမျိုးသား[illegible] ညီလာခံကို စတင်ကျင်းပသည်။ အမျိုးသားညီ[illegible] ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တွင် အခြားဖိတ်[illegible] သင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့လည်း ပါဝင်[illegible] ၎င်းအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရော[illegible] သော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှ[illegible] ကိုယ်တိုင် ပါဝင်တက်ရောက်ပြီး အခြားတိုင်းရ[illegible] လူထုလူတန်းစား အလွှာစုံမှ ကိုယ်စားလှယ်[illegible] ရင်းနှီးပွင့်လင်းခင်မင်စွာ ညှိနှိုင်းဆွေးနွေးခဲ့ကြ[illegible]

တပ်မတော်သည် ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ များနှင့်လည်း ငြိမ်းချမ်းရေးရရှိရန် ဆက်လက် ကြိုးပမ်းသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကျင့်သုံးသော မူဝါဒမှာ ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည်။ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်သည်။ ခွဲထွက်ခွင့်ကို လက်မခံပေ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်သည်။ ဆွေမျိုးသားချင်း အချင်းချင်းဆန့်ကျင်တိုက်ခိုက်ရန် မလိုလားပေ။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထားသည်။ လွတ်လပ်ရေးကိုထိပါးမည့် ပြည်ပ ပယောဂ များကို ထာဝရဖယ်ရှားသည်။

တပ်မတော်၏ မှန်ကန်သောသဘောထားနှင့် လုပ်ရပ်များကြောင့် ဒို့တာဝန်အရေးသုံးပါးကို ယုံကြည် လက်ခံသော အဖွဲ့အစည်းတိုင်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။

ခေတ်အဆက်ဆက်ပြည်သူ့အ[illegible]

- မြန်မာပြည်မွေး၊ သာကီသွေးတို့ နီစွေးမာန်သစ်၊ ပုဂံခေတ်မှ ရန်မြစ်ဟူသမျှ၊ မြူမခအောင် တူကြစိတ်ဓာတ်၊ ရဲရင့်မတ်ခဲ့ ရပ်တည်ပေါ်လာ "အနော်ရထာ"[illegible] ကျော်ပါပေသည်၊ မင်းနေပြည်ကြီး ဝေစည်စည်းရုံး၊ ကျေးရွာဆုံးထိ လက်ရုံးမီးတောက်၊ ထီးရိပ်ရောက်ခဲ့ တည်ဆောက်ငြိမ်းချမ်း၊ ပြည်စိမ်းလ[illegible] ပန်းတိုင်းပွင့်ဝေ၊ ပုဂံမြေတည်း။
- မြန်မာပြည်မြေပုံ၊ ကမ္ဘာတုန်အောင် မာန်ဟုန်ပြင်းပြင်း၊ ရန်စုံရှင်းလို့ ဖြိုခွင်းချဲ့ထွင်၊ ဧကရာဇ်ရှင်တည့် အင်ပါယာထောင် "ဘုရင့်နောင်"[illegible] ဓားရောင်လည်းလက်၊ အားဆောင်[illegible] တက်ခေတ်မဟာ၊ ပြည်မြန်မာတည်း[illegible]
- အာရှတစ်လွှား၊ မြန်မာ့ဓားဟု ပလွှားလောက်အောင်၊ ထက်မြက်[illegible] ဆောင်နှင်းထိုးခုတ်၊ ရန်မျိုးပြုတ်ကြ[illegible] ဆိုးယုတ်နယ်ချဲ့၊ ကျူးလာခဲ့သော် မငဲ့မတိမ်း၊ သူ့ပြည်သိမ်းနိုင် မယိမ်းယိုင်ကြောင်း၊ စည်းလုံးပေါင်း[illegible]

ခေတ်အဆက်ဆက်ပြည်သူ့အတွက် တပ်မတော်

* မြန်မာပြည်မွေး၊ သာကီသွေးတို့
နီစွေးမာန်သစ်၊ ပုဂံခေတ်မှ
ရန်မြစ်ဟူသမျှ၊ မြူမခအောင်
တူကြစိတ်ဓာတ်၊ ရဲရင့်မတ်ခဲ့
ရပ်တည်ပေါ်လာ "အနော်ရထာ"တည့်
ကျော်ပါပေသည်၊ မင်းနေပြည်ကြီး
ဝေစည်စည်းရုံး၊ ကျေးရွာဆုံးထိ
လက်ရုံးမီးတောက်၊ ထီးရိပ်ရောက်ခဲ့
တည်ဆောက်ငြိမ်းချမ်း၊ ပြည်စိမ်းလန်းသည်
ပန်းတိုင်းပွင့်ဝေ၊ ပုဂံမြေတည်း။

* မြန်မာပြည်မြေပုံ၊ ကမ္ဘာတုန်အောင်
မာန်ဟုန်ပြင်းပြင်း၊ ရန်စုံရှင်းလို့
ဖြိုခွင်းချဲ့ထွင်၊ ဧကရာဇ်ရှင်တည့်
အင်ပါယာထောင် "ဘုရင့်နောင်"ဟု
ဓားရောင်လည်းလက်၊ အားဆောင်ထက်သည်
တက်ခေတ်မဟာ၊ ပြည်မြန်မာတည်း။

* အာရှတစ်လွှား၊ မြန်မာ့ဓားဟု
ပလ္လားလောက်အောင်၊ ထက်မြက်ပြောင်ဝင်း
ဆောင်နှင်းထိုးခုတ်၊ ရန်မျိုးပြုတ်ကြ
ဆိုးယုတ်နယ်ချဲ့၊ ကျူးလာခဲ့သော်
မငဲ့မတိမ်း၊ သူ့ပြည်သိမ်းနိုင်
မယိမ်းယိုင်ကြောင်း၊ စည်းလုံးပေါင်းလို့
"အလောင်းဘုရား" ပြ၊ အောင်ဇေယျဟု
မြန်မာ့မော်ကွန်း၊ ဒို့မော်ကွန်းတည်း။

* ပြည်သူ့တပ်မတော်၊ ဒို့ခေတ်ဖော်ညွှန်း
မော်ကွန်းကမ္ပည်း၊ စဉ်လာကြီးခဲ့
ထီးကျိုးစည်ပေါက်၊ နိုင်ငံပျောက်လု
ခန်းခြောက်နွံနစ်၊ သူ့ကျွန်ဖြစ်ရ
မျိုးချစ်ဇာနည်၊ စိတ်ဓာတ်ညီစွာ
တိုင်းပြည်အတွက်၊ သွေးအသက်လှူ
ဖက်ဆစ်နယ်ချဲ့၊ တိုက်ထုတ်ခဲ့လို့
ဒို့ရဲ့လွတ်လပ်ရေး၊ ရယူပေးခဲ့တကား။

* လွတ်လပ်ရေးပန်း၊ ညှိုးကြွေနွမ်းအောင်
ကြိုးပမ်းသူများ၊ ဖျက်သမားကို
ဟန့်တားကာကွယ်၊ ပြည့်ရန်စွယ်တွေ
ဖယ်ရှားတိုက်ပြီး၊ တိုင်းပြည်စီးပွား
ပြန်ကြီးထွားရန်၊ ဖွဲ့အားမာန်နှင့်
နိုင်ငံတော်သစ်၊ ပေါ်ထွန်းရစ်ဖို့
ခေတ်မီမြန်မာ၊ တိုးတက်လာရေး
ခိုင်မာဖွဲ့စည်းပုံ၊ ရေးဆွဲစုံညီ
ယုံကြည်နိုင်မတ်၊ ပြည်သူ့တပ်သည်
ရပ်တည်မပျက်၊ ပြည်သူ့ဘက်
ခေတ်အဆက်ဆက်၊ ပြည်သူ့အတွက်။ ။

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

ပျဉ်းမနားမြင့်လှိုင်

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမား များကိုပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

(PSLA) ကလည်း ၁၉၈၉ခုနှစ်၊ ဧပြီလ၂၁ရက်နေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ တစ်နှစ်တာမျှသောကာလအတွင်း ရှမ်းပြည်နယ်တစ်ခုလုံးနီးပါး ငြိမ်းချမ်းရေးအောင်ပန်း ဆွတ်လှမ်းနိုင်ခဲ့သည်။နှစ်ပေါင်းများစွာ ငြိမ်းချမ်းရေးနှင့် ကင်းဝေးနေကြရသော ဒေသခံတိုင်းရင်းသားတို့သည် ငြိမ်းချမ်းရေး၏အရသာ လက်တွေ့သိရှိ ခံစားလာခဲ့ကြရသည်။

၁၉၉၂ခုနှစ်၊ ဖေဖော်ဝါရီလ၂၇ရက်နေ့တွင် ကယန်းအမျိုးသားလုံခြုံရေးတပ်(KNG)လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြန်သည်။

၁၉၉၂ခုနှစ်၊ ဧပြီလ၂၈ရက်နေ့တွင် တပ်မတော်သည် ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် စစ်ဆင်ရေးများ ရပ်ဆိုင်းကြောင်း ကြေညာသည်။ တစ်ချိန်တည်းမှာပင် တစ်ပြည်လုံးအတိုင်းအတာဖြင့် ထိုးစစ်များကို ရပ်ဆိုင်းပေးသည်။

တပ်မတော်က ထိုးစစ်ရပ်ဆိုင်းပေးခြင်းမှာ ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသောကြောင့်ဖြစ်သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်မှုအတွက် အထောက်အကူပြုသည့် လုပ်ငန်းစဉ်ကို ဖော်ဆောင်ပေးခြင်း ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို မြန်မာနိုင်ငံ၏ အရေးပါသော အမျိုးသားနိုင်ငံရေးအင်အားစုများအဖြစ် ထာဝစဉ်ရှုမြင်ခံယူထား၍ ဖြစ်သည်။

တပ်မတော်အစိုးရသည် တစ်ဖက်မှ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရယူပေးခဲ့သည့် နည်းတူ အခြားတစ်ဖက်မှလည်း တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်များစုံညီစွာ အမျိုးသားရေး ရည်မှန်းချက်ကို အမျိုးသားညီလာခံဖြင့် ဖော်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

၁၀–၇–၁၉၉၂ရက်နေ့ အမျိုးသားညီလာခံကျင်းပရေး အကြိုညှိနှိုင်း ဆွေးနွေးပွဲတွင် လက်ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ဆွေးနွေးခွင့် ရရှိမည်ဖြစ်ကြောင်း တရားဝင်အသိပေး ပြောကြားခဲ့သည်။

၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့တွင် အမျိုးသားညီလာခံကို စတင်ကျင်းပသည်။ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့လည်း ပါဝင်သည်။ ၎င်းအစုအဖွဲ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ ကိုယ်တိုင် ပါဝင်တက်ရောက်ပြီး အခြားတိုင်းရင်းသားလူထုလူတန်းစား အလွှာစုံမှ ကိုယ်စားလှယ်များနှင့် ရင်းနှီးပွင့်လင်းခင်မင်စွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တစ်ပြိုင်တည်းမှာပင် ငြိမ်းချမ်းရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၉၃ခုနှစ်၊ အောက်တိုဘာလ၁ရက်နေ့တွင် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။

၁၉၉၄ခုနှစ်၊ မေလ ၉ရက်နေ့တွင် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ ၁၉၉၄ခုနှစ်၊ ဇူလိုင်လ ၂၆ရက်နေ့တွင် ကယန်းပြည်သစ်ပါတီ (KPP) ဥပဒေဘောင်အတွင်း ဝင်ရောက်သည်။ ၁၉၉၄ခုနှစ်၊ အောက်တိုဘာလ ၉ရက်နေ့တွင် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

၁၉၉၄ခုနှစ်၊ ဒီဇင်ဘာလ၂၈ရက်နေ့တွင် KNU အဖွဲ့ထဲမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံးအဖြစ်ခွဲထွက်ပြီး DKBA က အင်အား ၅၀၀၀ ဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြန်သည်။ ၁၉၉၅ခုနှစ်၊ မတ်လ၂၁ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်။

၁၉၉၅ခုနှစ်၊ မတ်လ ၂၇ရက်နေ့တွင် ကျင်းပသည့် ရွှေရတုတပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းပြောကြားရာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားဖော်ပြခဲ့သည်။ လက်ကျန်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအတွက်လည်း ငြိမ်းချမ်းရေးတံခါး အမြဲတမ်းဖွင့်လှစ်ကြိုဆိုလျက်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

နောက်လေးလအကြာ ၁၉၉၅ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(NMSP) ဥပဒေဘောင်အတွင်းသို့ ဆက်လက်ဝင်ရောက်လာသည်။

၁၉၉၆ခုနှစ်၊ ဇန်နဝါရီလ ၅ရက်နေ့တွင် ဦးခွန်ဆာဦးစီးသည့် Mong Tai Army (MTA)အဖွဲ့သည် အင်အား ၁၄၀၀၀၊ လက်နက်မျိုးစုံ ၉၀၀၀ ဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့သည်။

၁၉၉၇ခုနှစ်၊ ဧပြီလ၆ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ (၁၇)ဖွဲ့မြောက်အဖြစ်ဝင်ရောက်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှာ ဦးစောထွန်းဦး ဦးစီးသည့် ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်) ဖြစ်သည်။

တပ်မတော်၏ ငြိမ်းချမ်းရေးအောင်ပွဲအကျိုးဆက်များကား ထူးခြားထင်ရှားလှသည်။ KNU အဖွဲ့မှ DKBA အဖွဲ့ ခွဲထွက်လာခဲ့သည့်နည်းတူ ဦးစောသမူဟဲ ဦးစီးသော KNU တပ်မဟာ(၆)၊ တပ်ရင်း(၁၆)သည် ၂၄–၂–၁၉၉၇ရက်နေ့တွင်လည်းကောင်း၊ ဦးစောဖဲရီမိုးဦးစီးသော KNU သံတောင်ဒေသအဖွဲ့သည် ၈–၁၁–၁၉၉၇ ရက်နေ့တွင်လည်းကောင်း၊ KNU ဇဟိုမှ ပဒိုအောင်ဆန်း ဦးစီးသောအဖွဲ့သည် ၁၇–၄–၁၉၉၈ရက်နေ့တွင်လည်းကောင်း၊ ဦးကိုကြီး ဦးစီးသော KNU တပ်မဟာ (၂)မှ ခွဲထွက်အဖွဲ့သည် ၁၀–၁၁–၁၉၉၉ရက်နေ့တွင်လည်းကောင်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။

၁၁–၂–၂၀၀၇ ရက်နေ့တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဌေးမောင် ဦးစီးသော အင်အား ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ဦးသည် KNU မှခွဲထွက်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည်။

တပ်မတော်၏ ငြိမ်းချမ်းရေးသဘောထားကို မှန်ကန်စွာ သုံးသပ်မိသူများရှိသကဲ့သို့ နိုင်ငံရေး အားနည်းလာသောကြောင့် အလျှော့ပေးခြင်းဟု မှားယွင်းစွာ သုံးသပ်သူများလည်းရှိခဲ့သည်။ ပြည်ပမှ မြှောက်ပင့်သွေးထိုးမှုများကြောင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်နေသူအချို့လည်း ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အနှောင့်အယှက်ပေးသူများလည်း ရှိနေဆဲပင်ဖြစ်သည်။

မည်သို့ပင်ရှိစေကာမူ လက်ကျန် KNU၊ လက်ကျန် SSA-S ရွက်ဆစ်အဖွဲ့နှင့် KNPP ပြန်ဝင်အဖွဲ့ လက်တစ်ဆုပ်စာသာ ခိုကပ်နေသည့် နယ်စပ်ဒေသ အနည်းအကျဉ်းမှအပ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရောင်ခြည် ဖုံးလွှမ်းနေပြီဖြစ်သည်။ ဥပဒေဘောင်အတွင်း

မင်းဦး (ဒဿန)

ဝင်ရောက်ခဲ့ကြသည့် ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည့် အမျိုးသားညီလာခံကြီး၏ အကျိုးဆက် ရလဒ်ကောင်းအဖြစ် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။ လာမည့်မေလတွင် ပြည်သူအားလုံးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းရန်သာ ရှိပေတော့သည်။

အနာဂတ်မြန်မာ့နိုင်ငံရေးခရီးလမ်းကို ဆူးခင်းလမ်းအဖြစ်မှ ပန်းခင်းလမ်းဖြစ်အောင် ဖော်ဆောင်ပေးသွားမည့် အခြေခံအုတ်မြစ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ပင်ဖြစ်သည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အာမခံချက်ပေးထားသည်။ တိုင်းရင်းသားအားလုံး၏ အဆင့်အတန်းနှင့် အခွင့်အလမ်းကို တန်းတူညီမျှ ပွင့်လန်းရရှိအောင် လမ်းဖွင့်ပေးထားသည်။

ရှေးယခင်က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များသည် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ညီအစ်ကိုမသိတသိဖြစ်ကာ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့မိကြသည်။ ဆူးခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းမိခဲ့ကြသည်။ ယခင်အခါက ဘေးစကားများကြောင့် ဝေးသွားခဲ့ဖူးသော်လည်း ယခုအခါ သွေးကပြောသောစကားကိုသာ အလေးထားခဲ့ကြလေပြီ။ ပန်းခင်းလမ်းကို ရွေးချယ်လျှောက်လှမ်းနေကြပြီဖြစ်သည်။

ပြည်ထောင်စုကြီး၏ ပန်းမွေ့ရာ ရွှေကော်ဇောတွင် ရောနှောပေါင်းစု နေထိုင်ပြီး အနာဂတ်ခရီးလမ်း ဖြောင့်တန်းသာယာအောင် ဆက်လက်ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မိုဘိုင်းလ်ဖုန်းကို မြန်မာလိုသုံး၍ရသည့် ဆော့ဖ်ဝဲလ်များထည့်ပေး

■ *ကျော်ဖုံးမှ*

ဆိုနီပြခန်း

ပြပွဲကျင်းပရာ တပ်မတော်ခန်းမအတွင်း ဝင်ရောက်လိုက်သည်နှင့် ခေတ်မီနည်းပညာ ကမ္ဘာတစ်ခုအတွင်း ရောက်ရှိသွားသလို ခံစားရသည်။ ပြခန်းတိုင်း၌ အိုင်တီထုတ်ကုန်ပစ္စည်းသစ်များ အပြိုင်အဆိုင်ပြသလျက်ရှိရာ ဆိုနီပြခန်းအတွင်း ဝင်ရောက်လေ့လာမိသည်။ ပြခန်းအတွင်း ခင်းကျင်းပြသထားသော အိုင်တီထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဆိုနီပြခန်းမှ လက်ထောက်မန်နေဂျာ ကိုကျော်ကျော်လွင်က "ဒီပြခန်းမှာ တီဗွီ၊ ဒီဗွီဒီ၊ ကင်မရာအမျိုးမျိုး၊ ကွန်ပျူတာ

"အရင်ကထက် အိုင်တီပစ္စည်းသစ်တွေ ပိုတွေ့ရတယ်"
မောင်ကျော်ခိုင်
အင်္ဂလိပ်စာနောက်ဆုံးနှစ်
ဒဂုံတက္ကသိုလ်

လက်တော့ပ်နှင့် အခြား ဆက်စပ်ပစ္စည်းအများအပြား ပါဝင်ပြသ ထားကြောင်း၊ အထူးသဖြင့် Bluetooth နည်းပညာသုံး ဆိုနီတံဆိပ် အိုင်တီ



နောက်ဆုံးပေါ် ဆိုနီ Music Entertainment Player **ပစ္စည်းကို ဤသို့ စိတ်ဝင်စားစွာတွေ့ရသည်။**

ထုတ်ကုန် ပစ္စည်းများကို အထူး မိတ်ဆက် ပြသထားကြောင်း၊ ထို့အပြင် အသံစနစ်ကို ကြိုးမဲ့စနစ်ဖြင့် အသုံးပြုလို့ရတဲ့ Sony Audio Produces များကိုလည်း ပြသထားကြောင်း" ကိုကျော်ကျော်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နောက်ဆုံးပေါ်

ထို့အပြင် Bluetooth နည်းပညာ ပါရှိသည့် အိုင်တီထုတ်ကုန်ပစ္စည်းများအားလုံး ဆက်စပ်အသုံးပြု၍ရပြီး အသုံးပြု၍ လွယ်ကူရှင်းလင်းသည့်စနစ်ဖြင့် တပ်ဆင်ထားကြောင်း၊ Bluetooth နည်းပညာ ထည့်သွင်းထားသည့် မိုဘိုင်းလ်ဖုန်းကို အသုံးပြုပြီး ကြိုးမဲ့စနစ်ဖြင့် ပေ ၃၀ ဝန်းကျင်အတွင်း တေးဂီတ နားထောင်နိုင်ကြောင်း၊ ဤ Bluetooth နည်းပညာအသုံးပြုရာ၌ ဗဟိုအားဖြင့် ထိန်းချုပ်လို့ရပြီး ကြိုးမဲ့စနစ်ဖြစ်၍ ကြိုးများ ရှုပ်ထွေးမှုမရှိကြောင်း၊ အသံ အရည်အသွေးကောင်းမွန်ကြောင်း၊ ပတ်ဝန်းကျင် အနှောင့်အယှက် မဝင်နိုင်ကြောင်း၊ ဆိုနီရဲ့ နောက်ဆုံးပေါ် Music Entertainment Player အား မိတ်ဆက်ပေးထားကြောင်းကို ကိုကျော်ကျော်လွင်က ရှင်းပြသည်။

"အသံစနစ်ကို ကြိုးမဲ့စနစ်နဲ့ အသုံးပြုလို့ရတဲ့ Sony Audio Produces များကိုလည်း ပြသထားပါတယ်" ကိုကျော်ကျော်လွင်
လက်ထောက်မန်နေဂျာ

Edimax ပြခန်း

တစ်ဖန် အထူ သုံးမီလီမီတာသာရှိသော တီဗွီလေးများ ပြသထားရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထို့နောက် ပြပွဲခန်းမအတွင်း လိုက်လံလေ့လာရာမှ Edimax Network Accessories ပြခန်းမှ မန်နေဂျာ ဦးသက်ထွန်းခိုင်ကလည်း "ဒီပြခန်းမှာ Edimax ကုမ္ပဏီထုတ် ပစ္စည်းတွေဖြစ်တဲ့ Router, Switch, Print-server၊ IP Camera များနှင့် နောက်ဆုံးပေါ် အိုင်တီထုတ်ကုန်ပစ္စည်းများ၊ Broadband Router များကို ခင်းကျင်းပြထားကြောင်း၊ ပြပွဲကာလ၌ အထူးဈေးနှုန်း သတ်မှတ်ရောင်းချပေးနေပြီး အာမခံတစ်နှစ်ပေးထားကြောင်း၊ ဝယ်ယူသွားသော ပစ္စည်းများကိုလည်း အခမဲ့ လိုက်လံတပ်ဆင်ပေးနေကြောင်း၊ အာမခံကာလအတွင်း ဝယ်ယူသွားသော အိုင်တီပစ္စည်းများ ချွတ်ယွင်းလျှင် အခမဲ့ အသစ်ဝန်ဆောင်ပေးမည် ဖြစ်ကြောင်း" ရှင်းပြသည်။

"ဝယ်ယူသွားသော ပစ္စည်းကိုလည်း အခမဲ့ တပ်ဆင်ပေးပါတယ်"
ကိုသက်ထွန်းခိုင်
မန်နေဂျာ

"စိတ်ဝင်စားမှုအရှိဆုံးက လက်တော့ပ်တွေပါပဲ"
မခင်ဝါဆို
ပထမနှစ် သတင်းအတတ်ပညာသင်တန်းသူ

ပြပွဲခန်းမ၌ အများဆုံးလာကြည့်သူများမှာ လူငယ်များဖြစ်ရာ လူငယ်များ စိတ်ဝင်စားမှုများကြောင်း မြင်တွေ့ရသည်။ ထို့နောက် မိုဘိုင်းလ်ဆော့ဖ်ဝဲလ်များ ပြခန်းတွင်လည်း မိုဘိုင်းလ်အဘိဓာန်ဆော့ဖ်ဝဲလ်နှင့် မိုဘိုင်းလ်ဖုန်းကို မြန်မာလိုသုံး၍ရသည့် ဆော့ဖ်ဝဲလ်များကို လက်တွေ့ချက်ချင်း ထည့်ပေးနေမှုများကို မြင်တွေ့ခဲ့ရသည်။

အသိပညာ

ထို့နောက် ပြပွဲသို့လာရောက်လေ့လာလျက်ရှိသည့် လူငယ်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "သမီးက ပထမနှစ် သတင်းအတတ်ပညာသင်တန်းက မခင်ဝါဆိုပါ၊ အခုလို အိုင်တီပြပွဲကို ပထမဆုံးအကြိမ် လာရောက်လေ့လာဖူးခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ အိုင်တီ ထုတ်ကုန်ပစ္စည်းအသစ်တွေနဲ့ နည်းပညာတွေ အများကြီး တွေ့ရတာ အားရဖို့ ကောင်းတယ်။ ဒီပြပွဲမှာ စိတ်ဝင်စားမှုအရှိဆုံးက လက်တော့ပ်တွေပါပဲ။ အလုပ်အများကြီး လုပ်လို့ ရတယ်၊ ဒီလိုပြပွဲမျိုးတွေ တစ်နှစ် သုံးကြိမ်လောက် ကျင်းပရင် လူငယ်တွေအတွက် အိုင်တီ ဗဟုသုတနဲ့ အသိပညာ အများကြီး ရရှိမှာပါ"ဟု ဖြေကြားသွားသည်။

တစ်ဖန် ပြခန်းတစ်ခု၌ အိုင်တီ ထုတ်ကုန်ပစ္စည်းတစ်ခုကို စိတ်ဝင်စားစွာ လေ့လာနေသည့် လူငယ်တစ်ဦးကို မေးမြန်းရာ "ကျွန်တော့်နာမည်က မောင်ကျော်ခိုင်ပါ၊ ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာနောက်ဆုံးနှစ်ကျောင်းသားဖြစ်ပါတယ်။ အခုပြပွဲမှာ အရင်ကထက် အိုင်တီပစ္စည်းသစ်တွေ ပိုတွေ့ရတယ်။ ကျွန်တော်တို့အတွက် အိုင်တီ ဗဟုသုတ အတွေ့အကြုံအများကြီး ရစေတဲ့ပွဲမို့ များများ ကျင်းပလေ ကောင်းလေပါပဲ"ဟု ဖြေကြားသွားသည်။

အကျိုးရှိ

ထို့ကြောင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၀၈သည် ယခင် အိုင်တီပြပွဲများထက် အိုင်တီ ထုတ်ကုန် အသစ်များ၊ အိုင်တီနည်းပညာအသစ်များ လေ့လာတွေ့ရှိနိုင်သဖြင့် လူငယ်များအတွက် အကျိုးရှိစေသည့် အိုင်တီပြပွဲတစ်ရပ်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မတ် ၂၄ ရက်က မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၀၈ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသထားရာ လာရောက်လေ့လာ ကြည့်ရှုအားပေးသူများကို ဤသို့တွေ့ရသည်။

တရားပွဲများကျင်းပမည်

ကြာနီကန်ဦးရေဝတ (ဝါးခယ်မ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန် ကြာနီကန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် မတ်၂၈၊ ၂၉ရက်တွင် စပါးရိုကျေးရွာ ဝါးခယ်မမြို့နယ်၊ ၃၀၊ ၃၁ရက်တွင် နေပြည်တော်ပျဉ်းမနား လေးအိမ်စုကျေးရွာ၊ ဧပြီ ၁ရက်တွင် အလယ်ချောင်းရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ဧပြီ ၂၊၃ ရက်နှင့် ၄ ရက်တို့တွင် လက်ခုပ်ကုန်းဘုရားကြီးဝင်း ကွမ်းခြံကုန်းမြို့နယ်၊ ၅ရက်တွင် ကန်တော်ကလေး မန္တလေးအထက်လမ်းနှင့် ရွှေအင်းဝဂိတ်ဆုံး (၃၄)ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ ၆ ရက်နှင့် ၇ ရက်တွင် ဦးစိန်ကုလား-ဒေါ်တင်ရီ ရှင်ပြုအလှူ ပျဉ်းမကုန်းကျေးရွာ ခရမ်းမြို့နယ်၊ ၈ရက်နှင့် ၉ရက်တို့တွင် ဦးမောင်သိန်း-ဒေါ်မြသွင် ရှင်ပြုအလှူ ဆင်ခြံကျေးရွာ တွံတေးမြို့နယ်တို့၌ ညစဉ် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း၀၁-၅၅၈၂၉၇နှင့် ၀၉-၅၀-၃၃၅၈၁တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

ရွှေသန်လျင် မဟာစည်သာသနာ့ရိပ်သာ

ကျေးဇူးရှင် မယ်ဒက်ကယ်ဆရာတော်ကြီး ဦးဝီရိယအား ဦးထိပ်ထား၍ သန်လျင်မြို့ ရွှေသန်လျင်မဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်၌ တန်ခူးလ (၂၉)ကြိမ်မြောက် အထူးတရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ ပဓာနနာယက ဘဒ္ဒန္တခေမာစာရ ကမ္မဋ္ဌာနာစရိယ ဓမ္မာစရိယ(ရေတာရှည်) အရှင်သူမြတ်က ဗုဒ္ဓ၏ သတိပဋ္ဌာန်ကျင့်စဉ်နှင့် ပါဠိတော်ဟောစဉ်များ ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်ကြမည့်ယောဂီများ အခမဲ့ (တန်ခူးလဆန်း၆ရက်) ဧပြီ၁ရက် ညနေ၄နာရီအရောက် ကျိုက်ခေါက်ဘုရားအလွန် ကျိုက်အင်းဘုရားရှေ့ဆင်း၍ ရွှေသန်လျင် မဟာစည်သာသနာ့ရိပ်သာ ဓမ္မရက္ခိတကျောင်းတိုက်သို့ လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

သဃ်န်းကျွန်း ပုဗ္ဗာရုံကျောင်းတိုက်

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်း ၈/တောင်ရပ်ကွက် (၁၆)ကြိမ်မြောက် ပုဗ္ဗာရုံကျောင်းတိုက်တွင် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၆ရက်မှ ၁၂ရက်အထိ မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကို နယ်လှည့်ဓမ္မကထိက ဆရာတော်ဦးစန္ဒိမာ(မင်းဘူး) ဥက္ကံကျောင်း မြောက်ဥက္ကလာပက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ရာ ဧပြီ၁၀ရက် ညနေ၅နာရီအရောက် ယောဂီများကြွရောက်ရန်နှင့် ဓမ္မပူဇာနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးဒါနများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စိန်စည်သာသနာ့ရိပ်သာ

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကို ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလပြည့်နေ့ (ဧပြီ၁ရက်မှ၂၀ရက်)အထိ ဆင်းရဲငြိမ်းကြောင်း ကောင်းမြတ်သော မဟာသတိပဋ္ဌာန်ဝိပဿနာတရားတော်များကို စိန်စည်ဆရာတော်ကိုယ်တိုင် ဟောပြောပြသမည်ဖြစ်သည်။ ဧပြီ၁၀ရက် (ကြာသပတေးနေ့) မွန်းလွဲ၂နာရီအရောက် ကြွရောက်၍ ယောဂီများနှင့် ဒုလ္လဘရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များ တရားအားထုတ်နိုင်သည်။ တရားစခန်းပွဲတွင် နေ့ဆွမ်း၊ အချိုပွဲ၊ ရေ၊ မီးလှူဒါန်းလိုပါက ရိပ်သာဖုန်း-၅၈၁၆၇၊ ၀၉-၅၁-၂၃၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကဝဆရာတော်

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဖြူးဆရာတော်၏ တပည့် ကဝ-အရှင်ဝဏ္ဏိသရ အစိုးရဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် မတ် ၃၀ရက်တွင် ကဝမြို့နယ် ကံလှရွာ ကိုလှမြင့်-မန္တလေးကြည် အလှူဓမ္မသဘင်၌လည်းကောင်း၊ မတ်၃၁ရက်နှင့် ဧပြီ ၁ရက်တို့တွင် ကဝမြို့နယ် အောင်ဆုပန်ရွာ ကိုဝင်းရှိန်-မသန်းသန်းဆင့်တို့၏ ဓမ္မသဘင်၌လည်းကောင်း၊ ဧပြီ ၄ ရက်နှင့် ၅ ရက်တို့တွင် ခရမ်းမြို့နယ် သက္ကာယ်ကုန်းရွာ ကိုအောင်ခိုင်-မအေးသန်းဆွေတို့၏ ဓမ္မသဘင်တို့၌လည်းကောင်း ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မပိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၂၄

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ ဆရာတော်ဦးသာသန(ဓမ္မာစရိယ မဟာဝိဇ္ဇာ)တည်ထောင်သော ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခုနှစ် ဆုရပုဂ္ဂိုလ်အဖြစ် ဦးအောင်မွန်(မြတ်ဆုမွန်)၏ **"ကျေးဇူးရှင် လယ်တီဆရာတော်ကြီး ဘဝဖြစ်တော်စဉ်"**ကို ရွေးချယ်ထုတ်ပြန်လိုက်ပြီး ဓမ္မဗိမာန် အမှတ်၆၀၆ (ဒုတိယထပ်) ၅လမ်းနှင့် ၆လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ ရန်ကုန်တိုင်း ပြန်ပြည့်မြိစွမ်းအားသုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် သဝန်းတောကျေးရွာ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ သဝန်းတောကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးညိုကြီးတို့က ဓာတ်အားပေးစက်ရုံဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ဓာတ်အားပေးစက်အား Breaker နှိပ်၍ မောင်းနှင်ပေးကာ ဧည့်သည်တော်များနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဖွင့်ပွဲအခမ်းအနားဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးက စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအကြောင်း ရှင်းလင်းပြောကြားပြီး သဝန်းတော ကျေးရွာအုပ်စုမှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထောက်ပံ့

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့သည် သဝန်းတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိ၍ ကိုယ်ဝန်ဆောင်မိခင်နှင့်၅နှစ်အောက်ကလေးငယ်များအား အိုင်အိုဒင်းဆား၊သံဓာတ်အားဆေးနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယနေ့ဖွင့်လှစ်သည့်စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ရန်ကုန်တိုင်း ပြန်ပြည့်မြိစွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် လှိုင်သာယာ စက်မှုဇုန် မြန်မာ့တီထွင်သူများ သမဝါယမလီမိတက်မှ တီထွင်ထုတ်လုပ်သော စက်ဖြစ်ပြီး အိမ်ထောင်စု ၇၄၄စုနှင့် လမ်းမီးတိုင်များကို ဓာတ်အားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း တွံတေးမြို့နယ် သဝန်းတောကျေးရွာ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ရန်အေးလမ်းအမှတ်(၅)ရပ်ကွက်ဓမ္မိကဗုဒ္ဓစာပေသင်တန်း၊ဓမ္မိကဓမ္မာရုံ၌ နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ် (ရန်ကုန်)၊ အဘိဓမ္မပိဋကမဟာဌာနမှ ကထိကဆရာတော် အရှင်ပဏ္ဍိတ မဟာဓမ္မာစရိယ(M.A Buddhism) က နွေရာသီ လူငယ်ယဉ်ကျေးမှု သင်တန်းနှင့် မောင်မယ်ဘာသာရေး အခြေခံ သင်တန်းများကို မတ် ၃၁ ရက်မှ ဧပြီ ၉ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် ဓမ္မိကဗုဒ္ဓစာပေသင်တန်း ဦးစီးကော်မတီ အမှတ်(၅)ရပ်ကွက်ရန်ကင်းမြို့နယ် ဖုန်း-၆၆၁၉၁၁၊ ၅၅၀၃၆၈နှင့် ၅၅၀၃၄၃တို့သို့ စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် မတ် ၂၄

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၂ရက် မွန်းလွဲ ၂နာရီခွဲက မြိတ်မြို့ရှိ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းနှင့် မြိတ်ခရိုင် မြို့နယ်တို့မှ တိုင်း၊ ခရိုင်၊ မြို့နယ် အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ အခမ်းအနားတွင် တနင်္သာရီတိုင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေ၊ ခရိုင်နှင့် မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့်စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုများနှင့် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တို့က တင်ပြ ချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး ပြည်သူ့ အကျိုးပြုလုပ်ငန်းများ စည်းရုံးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တနင်္သာရီတိုင်းနှင့် မြိတ်ခရိုင်မြို့နယ်တို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးနှင့် အသင်းဝင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

CICT Diploma သင်တန်းများနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၄

Myanmar Information Technology Pte,Ltd. က ကြီးမှူးကျင်းပသည့် CICT Diploma သင်တန်းများနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ၁နာရီခွဲက ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel, Grand Ballroom ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ Myanmar Information Technology Pte,Ltd .မှ ဒါရိုက်တာ ဦးအောင်စိုးသာက အဖွင့်အမှာစကားပြောကြားပြီး မလေးရှားနိုင်ငံ Cambridge ICT For All မှ Buisness Operation ဒါရိုက်တာ Ms.Olivia**(အောက်ပုံ)**က CICT Diploma သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကာ Myanmar Information Technology Pte,Ltd. Senior Project မန်နေဂျာ ဒေါ်လဲ့မွန်ဝင်းက သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားမည့် နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖြေကြား

ထို့နောက် Myanmar Information Technology Pte,Ltd မန်နေဂျင်းဒါရိုက်တာ ဦးထွန်းသူရသက်က Industry Oriented Aspect of Cambridge ICT နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဖွင့်လှစ်ပေး

မလေးရှားနိုင်ငံ Cambridge ICT for All မှ ချီးမြှင့်မည့် အဆိုပါ CICT Diploma သင်တန်းများကို Industry Orientedပုံစံဖြင့်သင်ကြားပေးမည်ဖြစ်ပြီး Diploma သင်တန်းပြီးမြောက်သူများသည် လက်တွေ့လုပ်ငန်းခွင်များတွင် ကျွမ်းကျင်၍ အရည်အချင်း ပြည့်ဝသော Software Engineer များအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များတွင်လည်း ITနှင့် ပတ်သတ်သော Bachlor Degree များကို ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။ CICT Diploma in Soflware Engineering နှင့် CICT Diploma in Business IT စသည့် Diploma Course များကို မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် Myanmar Information Technology Pte,Ltd. က တာဝန်ယူ ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။

မေးမြန်းနိုင်

CICT Diploma သင်တန်းများကို မေလတွင် စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများ အမှတ်၁၁၂ အခန်း၁၁၊ ၁၂ ရှစ်မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဟသ်ာတဂျီတီအိုင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

ဟသ်ာတ ဂျီတီအိုင် ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍(၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော) ဆရာ ဆရာမများအားပထမအကြိမ်အာစရိယပူဇော်ပွဲကို မေလအတွင်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြရန်နှင့် ဆက်သွယ်၍ အလှူငွေများထည့်ဝင် လှူဒါန်းနိုင်ကြရန် ကိုဇော်ထွန်း ဖုန်း-၀၉-၅၀-၂၇၈၉၇၊ ကိုဇော်ငွေး ဖုန်း-၀၉-၅၁-၀၀၀၃၂၊ ကိုငွေးကြိုင် ဖုန်း-၀၉-၅၁-၁၅၇၀၉၊ ကိုထိပ်တင်ထွဋ်ဖုန်း-၀၉-၅၁-၃၁၉၆၃၊ နန့်အေးအေးသန်း ဖုန်း-၀၁-၃၉၆၀၆၃၊ ကိုတင်ဝင်း ဖုန်း- ၀၁-၇၁၀၄၅၇၊ ကိုတင့်ဆွေ ဖုန်း-၀၉-၅၁-၂၁၆၂၄၊ ကိုသန့်လွင်ဦး ဖုန်း-၀၉-၅၁-၀၄၈၂၁နှင့် ကိုကျော်မင်းအေး ဖုန်း-၀၉-၅၁-၅၈၆၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

25-3-08 (11).pmd 1 3/24/2008, 11:56 PM

* ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အေးမြင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ Max Myanmar Co.,Ltd. ဥက္ကဋ္ဌဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ Max Myanmar Group of Companies မှ S.E.O ဦးသန်းဇော်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် Max Myanmar Group of Companies မှ ဒါရိုက်တာ(လုပ်ငန်း) ဦးအုန်းကျော်တို့က နေပြည်တော် အငှားယာဉ်လုပ်ငန်း စတင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့စတင်ဖွင့်လှစ်သည့် နေပြည်တော် အငှားယာဉ်လုပ်ငန်းတွင် အသုံးပြုပြေးဆွဲမည့် Taxi မော်တော်ယာဉ်များသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၂) သကြားစက်ရုံ(တောင်စဉ်အေး)မှ ထုတ်လုပ်သော Gasohol E.25 ဖြင့် သုံးစွဲ မောင်းနှင်သွားမည်ဖြစ်သည်။

ရရှိမည်

အဆိုပါ လောင်စာဆီကို အသုံးပြုခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေခြင်း၊ ရေနံအခြေခံတွင်းထွက် လောင်စာဆီများနေရာတွင် အစားထိုးအသုံးပြုနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေခြင်း အကျိုးကျေးဇူးတို့ကို ရရှိစေမည် ဖြစ်သည်။

နေပြည်တော်တွင် စတင်ပြေးဆွဲမည့် Taxi မော်တော်ယာဉ်များတွင် နိုင်ငံတကာ၌ အသုံးပြုနေသော မီတာစနစ် တပ်ဆင်ထားခြင်းကြောင့် ခရီးအကွာအဝေးအတိုင်း ကုန်ကျစရိတ်ပေးချေနိုင်သဖြင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

စီမံထား

ယနေ့ဖွင့်လှစ်သည့် နေပြည်တော် အငှားယာဉ် လုပ်ငန်းတွင် Taxi မော်တော်ယာဉ် အစီး၂၀၊ စီးလုံးငှား မော်တော်ယာဉ်အစီး ၃၀ဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ထပ်မံ၍ယာဉ်စီးရေတိုးချဲ့ပြေးဆွဲရန်လည်း စီမံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၄

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား မတ်၃၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် မြတ်စိုးဝင်း (Techuo Land) ဖုန်း-၂၄၉၅၆၅၊ ဇော်မင်းဦး (Moon Bakery) ဖုန်း-၀၉-၅၀၀-၂၅၇၁၊ သီရိမာ ဖုန်း-၀၉-၅၀-၂၁၂၄၁၊ ချိုလေးလွင် ဖုန်း-၀၉-၉၉-၇၂၅၈၀၊ ကေခိုင်လင်း ဖုန်း- ၀၉-၅၁-၂၇၂၁၅၊ အောင်သူထွန်း ဖုန်း-၀၉-၅၁၃၂၈၅၁၊ သတ္တိ ဖုန်း-၀၉-၅၁-၆၅၉၈၂၊ သားစိုး ဖုန်း-၀၉-၅၁-၄၀၂၁၀နှင့် မမိုးဦး ဖုန်း-၅၄၁၉၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၇၁နေ ဦးထွန်းအေး-ဒေါ်ကြင်တင်း၊ သမီး မခိုင်ဇာဝင်း မိသားစုက စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့ ပုဗ္ဗာရုံ ကျောင်းတိုက်အတွင်း ဆောက်လုပ်အပ်သော နှစ်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၈၂၀၀၀၀ကို ငါးထပ်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယမ သာသနဓဇဓမ္မာစရိယဓမ္မကထိက ဗဟုဇနဟိတဓရထံ ဆက်ကပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၁၃) ဖြန့်ချီ

ရန်ကုန် မတ် ၂၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၃)တွင် အေပီသတင်းအတုလုပ်ကာ မေဆွိသေပြီဟု ကောလာဟလထုတ်လွှင့်ခြင်းအပေါ် မေဆွိနှင့်ခင်ပွန်းသည်တို့က အီးမေးလ်မှတစ်ဆင့် ရှင်းလင်းချက်ပေးပို့၊ လူနှင့်မိကျောင်းတွဲဖက်သရုပ်ပြဖျော်ဖြေနိုင်ရန် စီစဉ်နေ၊ ဒဂုံစင်တာတွင် ပိုင်ရှင်ကိုယ်တိုင် စူပါမားကတ်ဖွင့်မည်၊ အေဒီရှစ်ရာစုမှ တစ်ဆယ့်နှစ်ရာစုအတွင်း ပါဒခေတ်လက်ရာဟန် အုတ်ခွက်ဘုရား လွင်မိုးတွေ့ရှိခဲ့၊ ကွန်ဒိုမီနီယံတိုက်ခန်းဈေးကွက်ကျဆင်းနေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တင်သင်္ဘောများတွင် ကျွမ်းကျင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် သင်တန်းပေးနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ယုံကြည်မှုကို အလွဲသုံးစားလုပ်လျှင် ဥပဒေအရခံယူရမည့်ပြစ်ဒဏ်၊ အလုပ်နှင့်ပညာရေးလမ်းညွှန် စင်ကာပူဆိပ်ကမ်း ကွန်တိန်နာ ယာဉ်မောင်းလိုလျှင်၊ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ ကိုယ်တွေ့ဖြစ်ရပ်သမိုင်းစာမော်ကွန်း ဘယ်ပန်းသာလို့ ယဉ်ပါသလဲ ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီ ဖြစ်သည်။

ရိုလာကိုစတာစီးရသလိုမျိုးလို့ ကျွန်မသိနေခဲ့ပေါ့ ဆီးနိတ်တာ ဟီလာရီကလင်တန်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ပါကစ္စတန် ပြည်သူပြည်သားများ၏ သူရဲကောင်း နိုင်ငံရေးအင်အားစုများ၏ ဆန့်ကျင်ဘက်မူရှာရက်ဖ်၊ အရပ်ပုသူများက မနာလိုစိတ်အများဆုံးပိုဖြစ်တတ်၊ အင်္ဂျီကိုဖောက်ထွင်း၍ အတွင်းသို့ဝင်နိုင်သည့် ကင်မရာတစ်မျိုးတီထွင်၊ ဘင်္ဂလားဒေ့ရှ်အမျိုးသမီးများ အခွင့်အရေးတန်းတူညီမျှမရရှိသေး၊ အိန္ဒိယတွင် မျက်နှာနှစ်ဖက်ပါးစပ်နှစ်ပေါက် မျက်စိလေးလုံးပါသော ကလေးငယ်တစ်ယောက် မွေးဖွား၊ မတော်တဆဖြစ်ရပ်တစ်ခုက ပေါင်၈၀၀ရှိလူဝကြီး၏အိပ်မက်ကို ဖျက်ဆီးစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် အစည်းအဝေးတက်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် မတ် ၂၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မတ်၂၄ရက်မှ ၂၅ရက်အထိ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အစည်းအဝေး (AFC Committee Meetings)ကို တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် **(ယာပုံ)** သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကျင်းပ

အစည်းအဝေး၏ ပထမနေ့တွင် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘဏ္ဍာရေးနှင့် ဈေးကွက်ရှာဖွေရေးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးများကို ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့တွင် အမှုဆောင်အဖွဲ့ဝင်များ၏ အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်ကော်မတီဝင် တစ်ဦးဖြစ်သည့်အပြင် ဘဏ္ဍာရေးနှင့် ဈေးကွက်ရှာဖွေရေး ကော်မတီဝင် တစ်ဦးလည်းဖြစ်သည်။

(မြန်မာ့အလင်း)

ကသာခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၄

ကသာခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်းလုံးကျွတ် အစည်းအဝေးတွင် အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ကန်တော့ခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင် မိသားစုများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ်၃၀ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်မဟုတ်သော်လည်း ရန်ကုန်မြို့တွင် ရောက်ရှိနေသူများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် အသင်းဥက္ကဋ္ဌ ဦးညွန့်ဦး ဖုန်း-၅၇၃၀၁၉၊ ဒုတိယဥက္ကဋ္ဌ ဦးရွှေမိုး ဖုန်း-၆၄၂၄၆၄၊ ဦးခင်မောင်လင်း ဖုန်း-၅၀၀၄၈၈၊ ဒုတိယဗိုလ်မှူးကြီးမောင်ကို (ငြိမ်း)ဖုန်း-၅၆၀၉၈၁၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၆၆၃၆၄၁ နှင့် တွဲဖက်အတွင်းရေးမှူး ဦးမွေးတင် ဖုန်း-၅၅၀၄၆၂ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း မှုခင်းသတင်းများ

ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ယာဉ်တိုက်မှုဖြစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းဆုံ ပန်းခြံမှတ်တိုင်အနီးတွင် မတ် ၂၁ရက် ည ၁၁နာရီ၄၅မိနစ်ခန့်က ပြည်ထောင်စုလမ်းအတိုင်း မြောက်မှတောင်သို့ ဦးတင်ခိုင်(၅၃နှစ်) (ဘ)ဦးရဲမြင့် အမှတ် ၄၃၅ ကော့သောင်းလမ်း ၁၈ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူ မောင်းနှင်သည့် တိုယိုတာစပရင်တာအဖြူရောင် အငှားယာဉ် ပ/၁၁၈၀သည် ပုလဲရတနာလမ်းသို့ ချိုးကွေ့စဉ် အဆိုပါလမ်းအတိုင်း တောင်မှမြောက်သို့ ဦးမြင့်ထွန်း(၃၈နှစ်) (ဘ)ဦးမြင့်ရွှေ အမှတ်(၁၁) ဈေးလမ်း (၇)ရပ်ကွက် သာကေတမြို့နယ်နေသူ မောင်းနှင်သည့် ဘောက်စ်ဝက်ဂွန်အဝါရောင် ဆ/၆၃၀၀ ယာဉ်အား တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံးပျက်စီးသွားပြီး ဆ/၆၃၀၀ ယာဉ်ပေါ်ပါ မောင်နိုင်းနိုင်း(၆နှစ်) (ဘ)ဦးကျော်စိုးသူ အမှတ်၁၀၆ ဦးကြင်ဥ(၁)လမ်း ၃၂ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေသူမှာ ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားသည်။

(သတင်းစဉ်)

ချမ်းမြသာစည်၌ ဆိုင်ကယ်နှစ်စီးတိုက်မိ

ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် မန္တလေးကန်တော်ကြီး အပျော်စီးစက်လှေစခန်းအနီး ကန်ပတ်လမ်းမပေါ်တွင် မတ် ၂၁ရက် မွန်းလွဲ ၂နာရီခန့်က မော်တော်ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားရာမှ လူသေဆုံးမှုဖြစ်ပွားခဲ့ရသည်။ ဖြစ်စဉ်မှာ ကန်တော်ကြီးပတ်လမ်းတွင် အရှေ့မှအနောက်သို့ ပန်းတန်းရပ် တမ္ပဝတီရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူ ဝဏ္ဏမွန်(၃၂နှစ်)(ဘ)ဦးကျော်မောင် မောင်းနှင်လာသော ကမ်ဘိုအမျိုးအစား ဆိုင်ကယ် မတလ/၁၁၃၆၂၅ နှင့် အနောက်မှအရှေ့သို့ အကွက် ၄၅၇ သာယာရွှေဂူဘုရားဝင်း သံလျက်မော်တောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူ အောင်ဆန်း (၃၃နှစ်) (ဘ) ဦးဖိုးသုံ မောင်းနှင်လာသည့် စူပါကပ်ဆိုင်ကယ် မတလ/၁၀၉၂၁၉ တို့ တစ်စီးနှင့်တစ်စီး အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့ရာ ဝဏ္ဏမွန်သည် ဦးခေါင်း၌ ဒဏ်ရာပြင်းထန်စွာရရှိ၍ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ပြီး အောင်ဆန်းမှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ထားရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မန္တလေးယာဉ်ထိန်း ရဲတပ်ဖွဲ့စခန်းမှ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်အငှားလိုက်သူကို ခရီးသည်ကသတ်ထွက်ပြေးလုယက်မှု ဖော်ထုတ်ဖမ်းဆီး

ဆိုင်ကယ်ကယ်ရီအငှားလိုက်သူ ပိုင်ရှင်ကို ခရီးသည်ကသတ်ပြီး လုယက်ထွက်ပြေးသွားသည့် မှုခင်းတစ်ခု တောင်ငူမြို့ အမှတ်(၂) ရဲစခန်းနယ်မြေ၌ မတ် ၅ရက်က ဖြစ်ပွားခဲ့ပြီးရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် လူသတ်တရားခံအား သက်သေခံပစ္စည်းများနှင့်အတူ သုံးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ငှားရမ်းခဲ့

အမှုဖြစ်ပွားခဲ့ပုံမှာ မတ် ၅ရက် မှောင်ရီပျိုးစတွင်တောင်ငူမြို့(၉)ရပ်ကွက် ကြက်သွန်စွန်းနေ ဆိုင်ကယ် ကယ်ရီ အငှားလိုက်သူ ဇာနည်ထွဋ် (ခ)ရခိုင်(၃၁နှစ်) (ဘ)ဦးလင်းကို တောင်ငူမြို့ အုတ်ကျွတ်တန်း ပေါ်တော်မူဘုရားအနီးမှ ရွှေဘိုခရိုင် ရေဦးမြို့ ရေဦးကုန်းရပ်ကွက်နေသီဟ(ခ)မောင်သီ(၁၈နှစ်) (ဘ) ဦးတင်ညိုက တောင်ငူမြို့ အနောက်ဘက်ရှိ ဖောက်လုပ်ဆဲအမြန်လမ်းမကြီးသို့ ငွေကျပ် ၈၀၀၀ဖြင့် ငှားရမ်းသွားခဲ့သည်။

တိမ်းရှောင်

၎င်းတို့နှစ်ဦးသည် လမ်းခုလတ်တွင် အရက်အတူသောက်ကြကာ တောင်ငူမြို့ အနောက်ဘက်နှစ်မိုင်ခန့်အကွာ လဲဘူးကျေးရွာအုပ်စု ကောင်းမှုတော် ဘုရားမြောက်ဘက် ကံရိုး-လဲဘူး မြေလမ်းဘေးရှိ မြက်တောအရောက်တွင် သီဟ(ခ) မောင်သီက အပေါ့သွားရန်ဟုဆိုကာ ဆိုင်ကယ်ကို ရပ်ခိုင်းပြီး ၎င်းတွင်အသင့်ပါလာသည့် အရိုးအသွားတစ်ပေခန့်ရှိ ဓားမြှောင်ဖြင့် ကယ်ရီသမား ဇာနည်ထွဋ်(ခ)ရခိုင်ကို လုံးထွေးထိုးသတ်ခဲ့ရာ ရင်အုံနှင့် ဝမ်းဗိုက်တို့တွင် ဓားဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး တရားခံက ၎င်း၏ ဇာတိသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ တိုင်းရဲတပ်ဖွဲ့မှူး၏ဦးစီးကွပ်ကဲမှု၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ဦးစီးမှု ခရိုင်အတွင်းရှိ ရဲစခန်းအသီးသီးတို့မှ ရဲတပ်ဖွဲ့ဝင်များနှင့်အမှတ်(၂)ရဲစခန်းမှူး ရဲအုပ် မောင်မောင်မြင့်တို့ပါဝင်သော ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် သီဟ(ခ) မောင်သီအား ထွက်ပြေးတိမ်းရှောင်သွားသည့် ရေဦးမြို့တွင် မတ် ၉ရက်က လက်ရဖမ်းဆီးရမိပြီး ၎င်း၏ ထုတ်ဖော်အစစ်ခံချက်အရ လော်ဂျားအစိမ်းရောင် ဆိုင်ကယ်တစ်စီး၊ လူသတ်ရာတွင်အသုံးပြုခဲ့သည့် ဓားမြှောင်နှင့်အတူ အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး တရားခံသီဟ(ခ)မောင်သီအားအမှတ်(၂) ရဲစခန်းမှ ပုဒ်မ ၃၀၂/၃၉၂ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၀၄၇)**

လှည်းကူးတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

မတ် ၁၈ရက် မွန်းလွဲ ၂နာရီက လှည်းကူးမြို့နယ် ပြည်တော်သာတိုးချဲ့ရပ်ကွက်နေ ယာဉ်မောင်းဦးညွန့်ဝေ (၅၅နှစ်) မောင်းနှင်လာသော ဘ/၇၃၉၉ ဟိုင်းလတ်ယာဉ် အမှတ်(၂၃၀)ယာဉ်လိုင်းသည် ခရီးသည်များတင်ဆောင်၍ ဖောင်ကြီးမှ လှည်းကူးသို့မောင်းနှင်လာစဉ် နှုတ်ခမ်းမွေး-သိုက်ကျေးရွာအနီး မိုင်တိုင်အမှတ်၅/၅အရောက်၌ ယာဉ်၏တိုင်းရော့ပြုတ်ထွက်သွားပြီး လမ်းဘေးသို့ ထိုးကျသွားသဖြင့် ယာဉ်ပေါ်ပါခရီးသည်လေးဦးမှာ ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးညွန့်ဝေအား လှည်းကူးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၃–၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ – ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅	**အဆောင်ခြောက်ပါး** တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၈:၀၀ – ၂:၀၀	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ အာဟာရစုံဖြည့်စွက်ပါ
၈:၁၅ – ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀ – ၂:၂၀	Sunday Talk
၉:၁၅ – ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ – ၃:၂၅	**ရေမြင့်––ကြာတင့်** ခန့်စည်သူ၊ဧရာ၊ငှက်ပျော်ကြော်၊ ထင်ပေါ်၊မိုးပြည့် ပြည့်မောင်၊ တက္ကသိုလ် ဂွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၉:၄၀ – ၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅ – ၃:၄၅	ကမ္ဘာ့သကတဘာသမ္မာဒိဋ္ဌိ (အပိုင်း–၂) (ဆရာကြီးဦးရွှေအောင်)
၁၀:၁၀ – ၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅ – ၄:၁၅	ဘိုင်းဒါးရေလှောင်တမံ
၁၀:၂၅ – ၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀ – ၄:၃၀	မိုးလေဝသခန့်မှန်းချက်
၁၀:၃၅ – ၄:၃၅	Biz Net
၁၀:၅၀ – ၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅ – ၄:၅၅	ကျောက်မီးသွေးအကြောင်း သိကောင်းဖွယ်ရာ
၁၁:၁၀ – ၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ – ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ – ၅:၂၅	ကလေးတို့အတွက် လက်ဆောင် (ငါးရုပ်ကလေး ခေါက်ကြရအောင်)
၁၁:၄၅ – ၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ – ၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅ – ၅:၅၅	ကုသစောင့်ရှောက်မနေး ပြည်သူအများကျန်းမာရေး (မန္တလေးတိုင်းရင်းဆေးရုံကြီး)
၁၂:၂၀ – ၆:၂၀	Music Gallery [တေးသံရှင်ရဲ့ တေးလက်ဆောင် R ဇာနည်]
၁၂:၄၀ – ၆:၄၀	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာအရသာ [စပိန်စတိုင်(လ်)]
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

U-21 International Friendlies ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၅	England-Poland	Star Sport (Live)

မြန်မာ့ရုပ်မြင်သံကြား

၂၅–၃–၂၀၀၈ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်)
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	ရုပ်မြင်ရသတေးစုကဏ္ဍ
၈:၀၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၆။	ရိုးရာအသွင်ဆန်း ကျေးလက်ရက်ကန်း
၈:၃၀	၇။	International News
၈:၄၀	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၅၅	၉။	**"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောကလျာလှိုင်)
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၂၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၄:၃၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၀	၅။	ဆိုကြမယ် ပျော်ကြမယ်
၅:၂၅	၆။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅	၇။	ပြည်သူ့အတွက်တပ်မတော် (စက်မှု၊ သားငါး၊ သတ္တု၊ သစ်တော၊ ကျန်းမာရေး၊ ပညာရေးသိပ္ပံနှင့်နည်းပညာ)
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀	၁၁။	သုတစုံလင်ရွှေညဏ်ရှင်
၇:၂၀	၁၂။	**"အဖေတူသား"** (အပိုင်း–၃) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဉ္ဇာဦး (ဒါရိုက်တာ–ပန်းချီစိုးမိုး)
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**"အဖေတူသား"** (အပိုင်း–၄) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ မေသဉ္ဇာဦး (ဒါရိုက်တာ–ပန်းချီစိုးမိုး)
	၁၇။	အစီအစဉ်ပြီး၏။

ကျောက်ပန်းတောင်း နှစ်ကျပ်ခွဲကျေးရွာနှင့် ထီးတော်ရှင်စေတီ လျှပ်စစ်မီးသွယ်တန်းပြီးစီးမှုအောင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄

ကျောက်ပန်းတောင်းမြို့မှ လေးမိုင်အကွာရှိ နှစ်ကျပ်ခွဲကျေးရွာနှင့် ရှေးဟောင်းသစ္စာအဓိဋ္ဌာန်ပြည့် မြတ်သိမ်တော် ထီးတော်ရှင်စေတီသို့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းမှုကို ဦးမင်းလှအောင်–ဒေါ်ကြူကြူမာ နဂါးညီနောင် သက်န်းတိုက် ကုန်စျေးတန်းလမ်း ရန်ကုန်မြို့က မတည်ဦးစီး၍ ဓမ္မမိတ်ဆွေများ၊ ရွာသူ ရွာသားများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ယခုအခါ လုံးဝပြီးစီးသွားပြီဖြစ်ရာ ဧပြီ ၆ ရက် နံနက် ၇ နာရီတွင် နှစ်ကျပ်ခွဲကျေးရွာ ထီးတော်ရှင်ဘုရားကျောင်းတိုက်၌ ရေစက်ချအလှူတော်မင်္ဂလာကို လည်းကောင်း၊ ဧပြီ ၅ ရက်ညတွင် ကျောက်ပန်းတောင်းမြို့နယ်ခန်းမနှင့် ဧပြီ ၆ ရက် နံနက်တို့တွင် ထီးတော်ရှင်ဘုရားဝင်းအတွင်း စင်မြင့်တို့၌ နိုင်ငံကျော်ဂန္ထဝင်အဆိုတော် ဦးမင်းနောင်၊ ဦးမောင်မောင်ကြီး၊ ဒေါ်တင်တင်မြ၊ ဒေါ်ထား၊ ဟသ်ာတထွန်းရင်၊ စိုးစန္ဒာထွန်း စသည့် အဆိုတော်များနှင့် ဧည့်ခံဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ ကြွရောက်ချီးမြှင့်ကြရန် ဆရာတော်ဦးကောသလ္လ ဦးစီးသည့် ဖိတ်ကြားရေးဆပ်ကော်မတီက ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

ပြောင်းလဲတိုးတက်လာသောနည်းပညာသစ်နှင့် ဇီဝဆေးသိပ္ပံဆွေးနွေးပွဲ ကျင်းပမည်

သတင်းမှတ်စု–မိုးမြင့်လင်းလက် ရေးသည်

ရန်ကုန် မတ် ၂၄

ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့် ဇီဝဆေးသိပ္ပံ အမည်ဖြင့် ဆေးသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတစ်ရပ်ကို AT&S Co.,Ltd. မှ တာဝန်ယူကာ ရန်ကုန်မြို့ Park Royal ဟိုတယ်တွင် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း၊ မန္တလေးမြို့ Hotel Mandalay တွင် မတ် ၃၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေး

ယင်းဆွေးနွေးပွဲတွင် Health Sciences Authority (Ministry of Health, Singapore)၏ Professor Dr.Christophar Syn (Ph.D., National University of Singapore) C Biol & Mi Biol (UK), MASM (Australia), MASBMB (USA) က ဆေးသိပ္ပံပညာရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်သည်။

ယနေ့ ကမ္ဘာတစ်ဝန်းတွင် ရောဂါသစ်များဖြင့် ထူပြောပွမ်းတီးလျက်ရှိရာ ဆေးသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လာသည်။ ခေတ်မီဆေးပညာရပ်များဖြင့် ရောဂါရှာဖွေမှု၊ ကုသမှုနှင့် ကာကွယ်မှုတို့တွင် ဇီဝဆေးသိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်မှသာ ထိရောက်သော ကုသမှုများကို ပေးစွမ်းနိုင်မည်ဖြစ်ပေသည်။

လေ့လာ

လူတို့တွင် ဖြစ်ပွားနေသော ရောဂါဝေဒနာများကို ကုသရာ၌ ကိုယ်ခန္ဓာအစိတ်အပိုင်း အစားထိုးကုသခြင်း၊ အပြင်ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ၊ မော်လီကျူးများ စသည့် အစိတ်အပိုင်းများအထိ ရောဂါရှာဖွေကုသနိုင်မှသာ ထိရောက်သော ရောဂါဝေဒနာ သက်သာပျောက်ကင်းမှုကို ဖြစ်စေမည်ဖြစ်ရာ ဇီဝဆေးသိပ္ပံပညာရပ်ကို လေ့လာသိရှိရန်လည်း လိုအပ်လျက်ရှိသည်။

ထိုသို့ဇီဝဆေးသိပ္ပံပညာရပ်ကိုကျွမ်းကျင်သိရှိနိုင်ရုံမျှဖြင့် မလုံလောက်ဘဲ ရောဂါဝေဒနာရှင်အား တိုက်ကျွေးမည့် ဆေးဝါးများ၏ အရည်အသွေးကို စစ်ဆေးမှု၊ ဆေးဝါးထုတ်လုပ်မှု၊ ဓာတုဆေးဝါးများ ပေါင်းစပ်တီထွင်နိုင်မှု စသည့် ဆေးသိပ္ပံပညာရပ်လည်း သိရှိမှသာ ရောဂါဝေဒနာရှင်အား မှန်ကန်ထိရောက်သော ကုသမှုကိုပေးစွမ်းနိုင်မည်ဖြစ်သည်။

ဆက်သွယ်

ထို့ကြောင့် မကြာမီကျင်းပတော့မည့် **"ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့် ဇီဝဆေးသိပ္ပံ"** ဆွေးနွေးပွဲသည် ဆရာဝန်များ၊ ဆေးဘက်ပညာကျွမ်းကျင်ပညာရှင်များ၊ ဆေးဝါးထုတ်လုပ်သူများအတွက် အကျိုးရှိစေမည့် ဆွေးနွေးပွဲဖြစ်သဖြင့် မဖြစ်မနေတက်ရောက်သင့်သည်ဖြစ်ရာ ရန်ကုန်မြို့ မြန်မာအင်ဖိုတက် ဖုန်း–၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀ သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၂၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန် တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယု(ဦးစီးအရာရှိ) ဦးဆောင်သောအဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ မတ် ၁၇ ရက်က သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်း (ဆည်မြောင်း ကုန်းထိပ်ရှေ့)ပေါ်တွင် မောင်းနှင်သွားလာလျက်ရှိသော ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြွေခိုင်မှု ရှိ၊ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်မှု ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ခြင်း ရှိ၊ မရှိတို့အား ရှောင်တခင် စစ်ဆေး၍ **(အပေါ်ပုံ)** ပညာပေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ထူးခြားခေတ်မီသောတိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရန် စီစဉ်ထား

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးသွားသည့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

သေသပ်လှပ

ယင်းတိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ မြန်မာနိုင်ငံအတွင်းမှ ထင်ရှားသည့် တိရစ္ဆာန်များသာမက ပင်ဂွင်ငှက်၊ သားပိုက်ကောင်၊ ကျားဖြူ စသည့် ကမ္ဘာ့ရှားပါးတိရစ္ဆာန်များအပြင် နို့တိုက်သတ္တဝါ၊ ကျေးငှက်သတ္တဝါ၊ တွားသွားသတ္တဝါများကို စုဆောင်း၍ စုံလင်စွာထည့်သွင်းပြသထားရာ စိတ်ဝင်တစား လေ့လာဖွယ်ရာကောင်းပြီး တိရစ္ဆာန်ပြကွက်များကို သဘာဝသစ်ပင်များ၊ သဘာဝရေကန်၊ ကျောက်တုံးကျောက်ဆောင်များအကြား ခေတ်မီအဆောက်အအုံများဖြင့် သေသပ်လှပစွာ တည်ဆောက်ပြသထားသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သည် ရန်ကုန်–မန္တလေး ကားလမ်းမကြီးဘေးတွင် ကပ်လျက်တည်ရှိပြီး ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်သူများ စိတ်ဝင်တစား ပျော်ရွှင်စွာ အပန်းဖြေနားနေရာတစ်ခုဖြစ်ကာ သဘာဝပတ်ဝန်းကျင်နှင့် ရုက္ခဗေဒဆိုင်ရာ ဗဟုသုတတိုးပွားလိုသူများအတွက်လည်း တစုတစည်းတည်း လေ့လာနိုင်ကြမည့် တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခုဖြစ်သည်။

စိတ်ရွှင်လန်းကြည်နူး

ထို့အပြင် တိရစ္ဆာန်လိမ္မာပြပွဲ၊ ဆင်လိမ္မာပြပွဲများကိုလည်း အထူးအစီအစဉ်ဖြင့် စီစဉ်ထားပြီး ဆင်စခန်းအတွင်း ဆင်စီးလှည့်လည်ခြင်း၊ ကားရထားများဖြင့် ဥယျာဉ်ပတ်လမ်းမှ လှည့်လည်ကြည့်ရှုနိုင်ခြင်း၊ ကလေးငယ်များအတွက် ခေတ်မီကစားကွင်းများ တည်ဆောက်ပေးထားခြင်း စသည့် စိတ်အပန်းဖြေစရာနေရာများစီစဉ်ပေးထားရာ လေ့လာကြသူ ပြည်သူများ စိတ်ရွှင်လန်း ကြည်နူးနှစ်သိမ့်မှု ရရှိနိုင်မည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် တေးဂီတဖြေဖျော်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အများပြည်သူတို့အနေဖြင့် ဧပြီ ၁ ရက်မှစတင်၍ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ဝင်ကြေးဖြင့် အပန်းဖြေအနားယူ လေ့လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မင်းတုန်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၄

မင်းတုန်းအသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗိုလ်တထောင်ဘုရားအနီး ပတ္တမြားကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။ မင်းတုန်းအသင်းဝင် အသက် ၇၅ နှစ်နှင့်အထက် အဘိုး အဘွားများ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ၂၀၀၆–၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ဆုယူရန်နှင့် အသင်းသူ အသင်းသားအားလုံး စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးအောင်သိန်း ဖုန်း–၆၉၉၀၃၂၊ ဦးမြသန်း ဖုန်း–၅၀၃၀၃၅၊ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဖုန်း–၃၇၀၅၆၁ နှင့် ဒေါ်မြင့်မြင့်သန်း ဖုန်း–၅၁၃၂၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မရမ်းကုန်းမြို့နယ် သမိုင်း ၁ရပ်ကွက် ၇လမ်း အမှတ် ၅၀၂နေ မိဘများဖြစ်ကြသော ဦးအောင်ငြိမ်း-ဒေါ်ချိုချိုတို့အား အမှူးထား၍ သမီး မခင်လပြည့်ဝင်းက ကြေးပြားလေးချပ် တန်ဖိုးငွေကျပ်တစ်သိန်းကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရ ဓမ္မာစရိယ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သွေးလှူရှင်များ ဂုဏ်ပြုပွဲ ကျင်းပ

မုဒုံ မတ် ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် လူမှုထူးချွန်ဆုရ သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၇ရက်နံနက်၁၀နာရီက ရွှေဟသ်ာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်၊ မုဒုံမြို့ သွေးလှူဒါန်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ဆရာဝန် ဒေါက်တာတင်ဌေး၊ မုဒုံအသင်း(ရန်ကုန်)နာယက ဦးကြီးစိန်တို့က အမှာစကား ပြောကြားသည်။

ထို့နောက်လူမှုထူးချွန်ဆုရသူ၂၁ဦးအား သွေးလှူဒါန်းရေး ကော်မတီက ငွေကျပ်နှစ်သောင်း၊ မုဒုံအသင်း(ရန်ကုန်)က ငွေကျပ်တစ်သောင်း အပါအဝင် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ) (ဝ၁၁)**

ဘော်ကြိုဘုရားဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

သီပေါ မတ် ၂၀

သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ဖွင့်ပွဲကို မတ် ၁၆ရက် နံနက်က အဆိုပါ ဘုရားကြီးမုခ်ဦးရှေ့၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်၊ မြို့မိမြို့ဖ ဦးစိုင်းလွန်းသာနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် လှိုင်လင်၌ဖွင့်

လှိုင်လင် ဖေဖော်ဝါရီ ၂၉

လှိုင်လင်မြို့နယ် နောင်ဟူးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်၊လှိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အစီအစဉ်အရ စာကြည့်တိုက်အဆောက်အအုံသစ်ကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ပြည်နယ် အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်နှင့်ခရိုင်ဥက္ကဋ္ဌဦးအောင်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် နောင်ဟူးကျေးရွာ စာကြည့်တိုက်အတွက် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်နှင့် ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးတို့က စာအုပ်များလှူဒါန်းကြပြီး ခရိုင်ဥက္ကဋ္ဌဦးအောင်ဌေးက ရေဒီယိုကက်ဆက် တစ်လုံး ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌ ဦးစိုင်းစံသြနှင့်စာကြည့်တိုက်တာဝန်ခံ ဦးခွန်မောင်စိန်တို့က လက်ခံယူကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အင်းတော်၌ ချောင်းကူးတံတား ဆောက်လုပ်လှူဒါန်း

အင်းတော် ဖေဖော်ဝါရီ ၁၉

မန္တလေး၊ ရွှေဘို၊ မြစ်ကြီးနားကားလမ်းပေါ်ရှိ အင်းတော်မြို့နယ် ပိန်းအင်း-ကွင်းချောင်း-ချောင်းကူးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပိန်းအင်း ဆရာတော် ဦးပညာဒီပက တံတားတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ဩဝါဒစကားမြွက်ကြားပြီး တံတားကို ဆရာတော်နှင့် အကျိုးတော်ဆောင် အဖွဲ့ဝင် ဦးဆန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝ၃ဝ)

ဆောင်ရွက်

ဖေဖော်ဝါရီ ၁၇ ရက်က ထန်းပေါက်-မြေနီကျောက်ချောလမ်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇင်ညွန့်နှင့်အဖွဲ့ လုပ်ငန်းဆောင်ရွက်နေမှုကို ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကြည်သန်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မေးခိုင်ရောဂါကင်းစင်ရေး ညှိနှိုင်းဆွေးနွေး

ဘားအံ ဖေဖော်ဝါရီ ၉

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ ကင်းစင်ပပျောက်ရေး အစီအစဉ် အသိပေး ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကရင်ပြည်နယ် ကျန်းမာရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ဘားအံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရှုပ်သိမ်း

သဘာပတိပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးဒေါက်တာဌေးနောင်က အဖွင့်အမှာစကား ပြောကြားပြီး ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းမြင့် **(အောက်ပုံ)**က တက်ရောက်လာသူများနှင့် ဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ဝဝ၈)**



မတ် ၁၆ရက်က မွန်ပြည်နယ် မုဒုံမြို့ဘိုးဘွားရိပ်သာသို့ (ခေတ္တသြစတြေးလျ)နေ ဦးတင်ဝင်း-ဒေါ်တင်တင်မြ မိသားစုက ငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးပိုးရီက လက်ခံယူစဉ်။ (ဝ၁၁)

ကျောက်တံခါးမြို့နယ်၌ လမ်းဖောက်ရန် ငွေလှူဒါန်း

ကျောက်တံခါး ဖေဖော်ဝါရီ ၈

ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် ကံကလေးကျေးရွာဆက်သွယ်သောလမ်းနှင့် ရှေးဟောင်းသမိုင်းဝင် သကျမာရဇိန်ဘုရားသို့ သွားရာလမ်းကို မတ် ၆ရက်က ဖွင့်လှစ်သည်။

ကုန်ကျခံဖောက်လုပ်

၄င်းလမ်းကို ရန်ကုန်မြို့မှ အလှူရှင် ဦးလှမြင့်မိသားစုနှင့် ဒေါ်ခင်နီတို့က အလှူငွေကျပ်သိန်း၂၀ မတည်၍ ကံကလေးကျေးရွာအုပ်စု အလှူရှင်များက အလှူငွေကျပ်သိန်း ၈၀ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ခန့် အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ (ဝ၆၇)

သက်တော်ရှည် ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ ကျိုက်သီးမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ကျင်းပ

ရန်ကုန် မတ် ၂၃

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မယုတ္တိက နိကာယသံဃရာဇာ မဟာရင် ဂိုဏ်းချုပ် မော်လမြိုင်မြို့နယ် ကတိုးစံပြကျေးရွာ မဟာရင်ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်မြတ်၏ သက်တော်(၉၀)ပြည့် သက်တော်ရှည် ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၂၂ရက်(စနေနေ့) နံနက် ၉နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ကြားတောရလမ်း ကျိုက်သီးမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်မဓမ္မာရုံကြီးတွင် ကျင်းပရာ **(အပေါ်ပုံ)** မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ သံဃနာယက ဆရာတော်ကြီးများနှင့် တပည့် သံဃာတော်အပါး ၁၀၀ ကျော်၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ တပည့် ဒါယကာ ဒါယိကာမများ တက်ရောက် ပူဇော်ဩဝါဒခံယူကြကြောင်း သိရသည်။ **(က-ပ)**

ငွေကျပ်သိန်း ၁၂၀၀ကုန်ကျမည့် ဘိုးဘွားရိပ်သာ ကောလင်းတွင် တည်ဆောက်

ကောလင်း မတ် ၅

ကောလင်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အို ဘိုးဘွားများအား ယင်းတို့၏ သားသမီးရင်းချာအတိုင်း ပြုစုစောင့်ရှောက်ပေးရန်၊ ဘိုးဘွားများ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလများ ပိုမိုကောင်းမွန် တိုးတက်ပွားများစေရန်နှင့် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးရရှိစေရန်အတွက် ဘိုးဘွားရိပ်သာကို ကောလင်းမြို့နယ် ရွာမကျေးရွာတွင် ငွေကျပ်သိန်း ၁၂၀၀ကုန်ကျမည့် ခုတင်(၅၀)ဆံ့ အဆောက်အအုံ တည်ဆောက်နေဆဲ ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါ ဘိုးဘွားရိပ်သာအတွက် မြို့ပေါ်ရှိ အလှူရှင်နှင့် အနယ်နယ်အရပ်ရပ်မှ ငွေကျပ်၁၆၆သိန်းကျော် လှူဒါန်းခဲ့ကြသည်။ ဘိုးဘွားရိပ်သာအတွက် ငွေကြေးနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးသန်းလေး ဖုန်း-၀၇၅-၄၂၄၁၃၊ ဦးဇော်ဝင်း ဖုန်း-၀၇၅-၄၂၁၉၀၊ ၀၇၅-၄၂၁၅၄၊ ဒေါက်တာခင်သောင်း ဖုန်း-၀၇၅-၄၂၁၁၂၊ ဦးရဲမြင့် ဖုန်း-၀၇၅-၄၂၀၄၆နှင့် ဦးကျော်လွင် ဖုန်း-၀၇၅-၄၂၁၇၈၊ ၀၇၅-၄၂၂၄၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၂)

ကြို့ပင်ကောက်၌ လမ်းဖွင့်ပွဲကျင်းပ

ကြို့ပင်ကောက် မတ် ၂၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် ရုံးလမ်းကတ္တရာထပ်ပိုးလွှာဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက်က ကျင်းပသည်။ အဆိုပါလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ် အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် ဈေးချိုမြောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးကံမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

သရက်မြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်

သရက် မတ် ၁၃

မြို့ရေပေးရေး လုပ်ငန်းအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေ ကျပ်သိန်း၄၉၀ဖြင့် တိုးချဲ့မြစ်ရေတင် မြို့ရေပေးရေးလုပ်ငန်းကို လုပ်ငန်းစီမံချက်ချမှတ်ကာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြသည်။

စီမံချက် လုပ်ငန်းများအနေဖြင့် ရေစက်ရုံ(၁) ၂၀ အိတ်ချ်ပီမော်တာနှင့် ပန့်နှစ်စုံ တပ်ဆင်ခြင်း၊ ရေစက်ရုံ(၂) ၂၅ အိတ်ချ်ပီမော်တာနှင့် ပန့်တစ်စုံ တပ်ဆင်ခြင်း၊ လေးလက်မ ပီဗွီစီ ရေတင်ပိုက်ပေ ၃၀၀၀ သွယ်တန်းခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်း၊ ၁၂ ပေ x ၁၂ ပေ ရေစက်ရုံတစ်ရုံ တည်ဆောက်ခြင်း၊ ရေစက်ရုံ(၃)တွင် ၄၀ အိတ်ချ်ပီမော်တာနှင့် ပန့်နှစ်စုံတပ်ဆင်ခြင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၆ ဒသမ ၆ ကေဗွီ ကောင်းကင်လိုင်း ပေ ၃၃၀ သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် အဖွဲ့က ဖေဖော်ဝါရီ ၇ရက်တွင် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် အဖွဲ့က မတ် ၃ ရက်တွင်လည်းကောင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၀၇၄)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမြင့်စိုး နှင့်အဖွဲ့ မတ် ၁၆ရက်က တာချီလိတ်မြို့ အဝေးပြေးယာဉ်ရပ်စခန်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင် ရှိမရှိ၊ ယာဉ် ကြံ့ခိုင်မှု ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေးကြစဉ်။

(က-ပ)

မိုးညှင်းမြို့ သာယာလှပရေး ဆောင်ရွက်

မိုးညှင်း မတ် ၁၇

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာတစ်လျှောက်ရှိ ပန်းအလှပင်များအား ကိုင်းဖြတ်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ရာသီပန်းများ စိုက်ပျိုးခြင်းလုပ်ငန်းကို မတ် ၁၅ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာလုပ်ငန်းခွင်သို့ အမှုဆောင် အရာရှိ ဦးကျော်ဆန်းထွန်းက လိုက်လံကြည့်ရှုကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှေးဦးသူနာပြုစုနည်း သင်တန်းဆင်းပွဲ ကျင်းပ

ဝိုင်းမော် မတ် ၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမတွင် ဖေဖော်ဝါရီ ၁၆ရက်က ကြက်ခြေနီရှေးဦးသူနာပြုစုနည်း(အခြေခံအဆင့်) သင်တန်း(၁/၂၀၀၈)ဆင်းပွဲကို ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်ဆရာဝန် ဒေါက်တာတင့်နိုင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ မြို့နယ်အတွင်းရေးမှူး ဒေါ်အိအိရွှေက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ပညာတန်ဆောင်စာကြည့်တိုက် အမရပူရ၌ ဖွင့်လှစ်

အမရပူရ မတ် ၁၀

အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ယမ်းပုံကျေးရွာ ပညာတန်ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၄ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ဝိုင်းများ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်စိန်တင်အေးကလက်ခံ၍ အဆောက်အအုံသစ်ကိုဥက္ကဋ္ဌ ဦးမောင်မောင်လေးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

အခမ်းအနားမှူး သင်တန်းဖွင့်

မင်းဘူး မတ် ၈

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက် ပညာဆင့်ပွားသင်တန်းနှင့် အခမ်းအနားမှူးသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က မင်းဘူး(စကု)မြို့နယ် သမထီးကျေးရွာဓမ္မရုံသိမ်မွှာရုံတွင် ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၆ဦး တက်ရောက်ခဲ့ကြပြီး ဘာသာရပ်အလိုက် သင်တန်းပို့ချခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးဝင်းအတွင်း ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်နှင့်ကျောင်းနေသံဃာတော်များအတွက် ထာဝရဆွမ်းပဒေသာပင်အတွက် ရန်ကုန်မြို့ အမှတ်၂၂ အထက်ပုဇွန်တောင်မြို့နယ်နေ ဦးတင်ထူး-ဒေါ်နွဲ့နွဲ့ဝင်း၊ သား မောင်ထူးအောင်ဝင်း၊ သမီး မခင်စုစုဝင်း (ထူးရေခဲမုန့်) မိသားစုက အလှူငွေကျပ် ၃၂သိန်းကို ကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိက မထေရ်မြတ်ရှေ့မှောက်၌ လှူဒါန်းရာ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

သနပ်ပင် မတ် ၁၅

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၀မှ ပင့်သံဃာ ၁၅၀နှင့် သီလရှင်နှစ်ပါးတို့အား မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ၁၅ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ မြို့နယ်အတွင်း လှည့်လည် အပူဇော်ခံ၊ အလှူခံကြသော သံဃာအပါး၁၅၀နှင့် သီလရှင် နှစ်ပါးတို့အား စုစုပေါင်းကျပ်၁၂၅သိန်းကျော် တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများကို ပြည်သူများက လောင်းလှူပူဇော်ကြသည်။

(၀၅၀)

နောင်မွန်၌ ဆီမုန်ညင်းများ တိုးချဲ့စိုက်ပျိုး

နောင်မွန် ဖေဖော်ဝါရီ ၂၅

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကွမ်လင်းကျေးရွာ တစ်ဖက်ကမ်းရှိ မှန်းဒမ်းကွင်းသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် တောင်သူများ စိုက်ပျိုးထားသော ဆီမုန်ညင်းခင်း ဧက၅၀ကို ဖေဖော်ဝါရီ ၁၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လိုက်လံကြည့်ရှု

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းရွှေသည် တောင်သူများအား စားသုံးဆီ ဖူလုံရေးအတွက် ယခုထက် ပိုမိုဆီမုန်ညင်းခင်းများ တိုးချဲ့စိုက်ပျိုးရန်နှင့် ရိတ်သိမ်းချိန် အလေအလွင့်မရှိအောင် ခြံစည်းရိုးများ စနစ်တကျ ပြုပြင်ရန် မှာကြားသည်။ ဆက်လက်၍ နောင်နှစ်တွင် ထပ်မံတိုးချဲ့မည့် မြေလွတ်မြေရိုင်းများ၊ လယ်ရေတွင်းမြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲကြိုးဖြတ်ဖွင့်လှစ်

ဖေဖော်ဝါရီ ၄ ရက်က ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မင်းဘာကြီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တပ်နယ်မှ ဗိုလ်မှူးကြီး ထိန်လင်း တက်ရောက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်မျိုးနှင့် အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ — အနယ်နယ် — သတင်းများ

ဓမ္မာရုံတော်ကြီး ရေစက်ချမင်္ဂလာ တာချီလိတ်၌ကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၂၈

တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက် သီရိမင်္ဂလာ ဆန်ဆိုင်းကျောင်းတိုက်အတွင်း တည်ဆောက်လှူဒါန်းခဲ့သော ဓမ္မာရုံရေစက်ချ၊ မုခ်ဦးထီးတော်တင်မင်္ဂလာနှင့် မဟာဝေဿန္တရာ ဇာတ်တော်ကြီးရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ၉ရက်မှ ၁၆ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

မင်္ဂလာအချိန်

ဖေဖော်ဝါရီ၁၆ရက် နံနက် ၉နာရီက ဓမ္မာရုံတော်ကြီး ရေစက်ချမင်္ဂလာ အထိမ်းအမှတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပရာ ကျိုင်းတုံမြို့ ဓမ္မောဒယစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာဇေယျ၊ တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ၊ သီရိမင်္ဂလာ ဆန်ဆိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရိန္ဒတို့ အမှူးပြုသော သံဃာတော် ၁၀၈ပါး ကြွရောက်အလှူခံတော်မူကြသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် မုခ်ဦးသစ်ကြီးအား ရိုးရာဓလေ့ ထုံးတမ်းများနှင့် အညီ ကရဝိက်ယာဉ်ပျံဖြင့် တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဓမ္မာရုံတော်ကြီး ရေစက်ချ မင်္ဂလာ အခမ်းအနားကို ယင်းဓမ္မာရုံတော်ကြီးအတွင်း၌ ကျင်းပရာ ဓမ္မောဒယဆရာတော်ကြီးက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူကာ ဆန်ဆိုင်း(ခ)ရပ်ကွက် ဥက္ကဋ္ဌ ဦးစိုင်းစံငွေ၊ ပင်မ အလှူရှင်များဖြစ်ကြသည့် ဦးစိုင်းမြ-ဒေါ်နန်းကွယ်၊ ဦးစိုင်းထွန်းစိန်-ဒေါ်နန်းမီးငယ်၊ ဦးဆမ်ပိန်း-ဒေါ်ပါရှဲန်မွန်း မိသားစုတို့နှင့် အလှူဒါယကာ၊ ဒါယိကာမ အပေါင်းတို့က သံဃာတော်၁၀၈ပါးအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကာ ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၀၁၆)

မိုင်းရယ်ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်

လားရှိုး ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ပြည်ထောင်စု ခန်းမတွင် ကျင်းပသည်။

ဘက်စုံပြုပြင်ရေး

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်မှူးကြီးကြည်မြင့်က ပြည်သာယာ ဆုတောင်းပြည့်ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်ရေးအတွက် ငွေကျပ်သိန်း၂၀၊ မြို့လယ်ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်ရေးအတွက် ငွေကျပ် ၁၀သိန်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ် လှူဒါန်းရာ သက်ဆိုင်ရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ်ဥက္ကဋ္ဌဦးမြင့်တင် **(အပေါ်ပုံ)** တို့က လက်ခံယူကြသည်။

(က-ပ)

ခန္တီး၌ အရန်သားဖွားသင်တန်းဆင်းပွဲ ကျင်းပ

ခန္တီး မတ် ၁၀

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စေတနာ့ဝန်ထမ်း အရန်သားဖွားသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲအခမ်းအနားကို မတ်၁ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချိုချိုက စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများ၏ တာဝန်ဝတ္တရားများနှင့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးလှထွန်းက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူး ဦးမြင့်သိန်းတို့ မတ်၉ရက်က မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ထူထောင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးထက်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မုံရွာမြို့ အလက(၂) အာစရိယ ပူဇော်ပွဲ

မုံရွာ မတ် ၂၀

မုံရွာမြို့ အမှတ်(၂)အလယ်တန်းကျောင်း(ပြဿဒ်ကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသည့် ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ၅ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများသည် ဆရာကြီး၊ ဆရာမကြီးများအား အတူတကွပူဇော်ကြရန်နှင့် အလှူငွေများကို ဦးလှဟန် (လူမှုထူးချွန်) ဖုန်း-၀၇၁-၂၁၄၀၂၊ ဦးမြဇော် (စက်မှုဇုန်)ဖုန်း-၀၇၁-၂၂၀၆၆၊ ဦးရဲအောင် (အေးသာယာ) ဖုန်း-၀၉-၂၁-၃၀၅၃၀၊ ဦးရဲထွန်းဝင်း (ကုန်သည်) ဖုန်း-၀၇၁-၂၁၃၄၅၊ ဦးမျိုးညွန့် (ပုံနှိပ်တိုက်) ဖုန်း-၀၇၁-၂၁၃၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၇)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် Max Myanmar Group of Companies မှ ဒါရိုက်တာ(လုပ်ငန်း) ဦးအုန်းကျော်တို့ နေပြည်တော်အပန်းဖြေ/အငှားယာဉ်လုပ်ငန်း စတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အငှားယာဉ်လုပ်ငန်း ရုံးသစ်ဖွင့်လှစ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် မတ် ၂၄

Max Myanmar Co.,Ltd. ၏ နေပြည်တော်အငှားယာဉ်လုပ်ငန်း ရုံးသစ်ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီက နေပြည်တော်သပြေကုန်းဈေးရှိ ရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ *

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သစ္စာမော်ကွန်းဇာတ်လမ်း ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၄

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တင်အောင်စိုး (ပန်းမြို့တော်)၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးသည့် "သစ္စာမော်ကွန်း" ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၆ ရက် ညနေ ၆ နာရီခွဲနှင့် ည ၈ နာရီသတင်းအပြီးတို့တွင် အပိုင်းနှစ်ပိုင်းခွဲ၍ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"သစ္စာမော်ကွန်း"ဇာတ်လမ်းသည် တက္ကသိုလ်ကျောင်းသားဘဝနောက်ခံ စစ်ကားတစ်ကားဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုများဖြင့် ခြယ်မှုန်းထားပြီး တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ကာ ငြိမ်းချမ်းရေးရယူနိုင်မှုကို ပေါ်လွင်အောင်ဖော်ကျူးထားသည်။

ယင်းဇာတ်လမ်းတွင် သူထူးစံ၊ မင်းဟိဏ်း၊ ပြေတီဦး၊ နန္ဒ၊ သားညီ၊ သက်မွန်မြင့်၊ ချစ်စနိုးဦးနှင့် ဇာတ်ပို့ဇာတ်ရန်သရုပ်ဆောင်များစွာအပြင် တပ်မတော်သားများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံဝန်ကြီးချုပ်ထံသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၈ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာကော့စ်တပ်စ် ကာရာမန်လစ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

(စာ–၇)

ပန်းမွေ့ရာ ရွှေကော်ဇော

❒ အနာဂတ်မြန်မာ့နိုင်ငံရေးခရီးလမ်းကို ဆူးခင်းလမ်းအဖြစ်မှ ပန်းခင်းလမ်းဖြစ်အောင် ဖော်ဆောင်ပေးသွားမည့် အခြေခံအုတ်မြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပင်ဖြစ်သည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အာမခံချက်ပေးထားသည်။ တိုင်းရင်းသားအားလုံး၏ အဆင့်အတန်းနှင့် အခွင့်အလမ်းကို တန်းတူညီမျှ ပွင့်လန်းရရှိအောင် လမ်းဖွင့်ပေးထားသည်။

စိုင်းသီဟ၏ ဆောင်းပါး (စာ– ၈၊ ၉)

❒ ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

ပျဉ်းမနားမြင့်လှိုင်၏ ကဗျာ (စာ–၉)

❒ အမျိုးသားရေးအကျိုးစီးပွား လိုလားသူများ

မင်းဦး(ဒဿန)၏ ကာတွန်း (စာ–၉)

လူငယ်များအိုင်တီထုတ်ကုန်နှင့် နည်းပညာသစ်များလေ့လာနိုင်သည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ –၂၀၀၈

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ● ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၄

မြန်မာ့အိုင်တီကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်။ လူငယ်များအိုင်တီနည်းပညာနှင့် ထုတ်ကုန်များအပေါ် စိတ်ဝင်စားမှုလည်း တဖြည်းဖြည်းကျယ်ပြန့် မြင့်မားလာသည်။ ထို့ကြောင့် **"မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ–၂၀၀၈"**ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒုတိယမြောက်နေ့ကျင်းပရာသို့ လူငယ်အများအပြား လာရောက်လေ့လာဆည်းပူးနေကြသည်ကို အားရဖွယ်တွေ့မြင်ရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■